စနေနေ့တိုင်းထုတ်ဝေသည်

မိုးဟိန်း(သူရိယနေဝန်း)

# သူရိယနေဝန်း
# THE SUN RAYS

Vol.1 No.173 WEEKLY NEWS JOURNAL 11th November 2017

## ဒေါ်အောင်ဆန်းစုကြည်နဲ့ စကားစစ်ထိုးမလား
## အောင်လအန်ဆန်းနဲ့ ယှဉ်ပြိုင်ထိုးသတ်မလား

တောင်သမန်အင်းကောင်း




## ‘မင်းတိ နိုင်ငံဝင်ပြန်လာ’ ‘ဂုံးဝင်ဘယ်တောမပြန်မလာကြွ’

www.free4readers.com

# ဒေါ်အောင်ဆန်းစုကြ
# အောင်လအန်ဆန်းနဲ့



### မောင်တောမြို့နယ်၊ ကျောက်ပန္နုနှင့် သဘော်ကွေ့ကျေးရွာများ၌ ARSA အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများ ပြုလုပ်ထားသည့် လိုဏ်ဂူများရှာဖွေတွေ့ရှိ

၂၀၁၇ နိုဝင်ဘာ (၅)ရက်နေ့မှာ မြန်မာနိုင်ငံ လုံခြုံရေးတပ်ဖွဲ့တွေက ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ကျောက်ပန္နုနဲ့သဘော်ကွေ့ကျေးရွာတွေမှာ ARSA အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများ ပြုလုပ်ထားတဲ့ လိုဏ်ဂူတွေ တွေ့ရှိလိုက်ပါတယ်။

ကျောက်ပန္နုကျေးရွာအလယ်ရှိ တောင်ကုန်းငယ်ထဲမှာ အလျား (၁၅)ပေ၊ အနံ(၁၀)ပေ၊ အမြင့်(၅)ပေရှိ သစ်လုံးများမိုးထားပြီး ဖျဉ်ခင်းထားတဲ့ လူလုပ်လိုဏ်ဂူတစ်ခုကိုတွေ့ရှိခဲ့တာဖြစ်တယ်။ အကြမ်းဖက်သမားများရဲ့ ရိက္ခာနဲ့ဆေးဝါးတွေ သိုလှောင်ထားတဲ့ ခြေရာလက်ရာတွေကို ရှာဖွေတွေ့ရှိရတာပါ။

အဲဒီနောက် သဘော်ကွေ့ကျေးရွာကို ထပ်မံသွားရောက်ရှာဖွေခဲ့ရာ ကျေးရွာရဲ့ အရှေ့ဘက်တောင်တုန်းထဲမှာ အမြင့်(၄)ပေ၊ အနံ(၃)ပေရှိပြီး ကျောက်သားတိုထွင်းထားတဲ့ လိုက်ဂူတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ပြန်တယ်။

အဲဒီလိုဏ်ဂူတွေဟာ အပေါက်ဝကနေ ပေ(၃၀)လောက် ဝင်ရောက်သွားရင် လမ်းခွဲနှစ်ခုရှိပြီး ညာဘက်လမ်းခွဲရဲ့အရှည်ဟာ ပေ(၄၀)ခန့်ရှိတယ်။ ဘေးဝဲယာန်ရံတွေမှာ နှစ်ပေလောက်ရှိတဲ့ လူနေထိုင် အိပ်စက်လို့ရတဲ့နေရာတွေပါတယ်။ လိုဏ်ဂူအဆုံးမှာ ငါးပေပတ်လည်အကျယ်လောက်ရှိတဲ့ မြေလွတ်တစ်ခုတို့ကိုလည်း ပြုလုပ်ထားတယ်။ ဘယ်ဘက်လမ်းခွဲရဲ့အရှည်ဟာလည်း ပေ(၄၀)ခန့်ရှည်လျားပြီး ဘေးဝဲယာန်ရံများ၌ နှစ်ပေလောက်ရှိ လူနေထိုင်အိပ်စက်ဖို့နေရာတွေနဲ့ လမ်းအဆုံးမှာ ထွက်ပေါက်တစ်ခု ပြုလုပ်ထားတယ်။ အဲဒီလိုဏ်ဂူဟာ အရင်က အကြမ်းဖက်သမားအင်အား (၂၀)ဦးကနေ (၂၅)ဦးလောက်နေထိုင်ခဲ့တယ်လို့ တွေ့ရှိရတယ်။ လိုဏ်ဂူအတွင်းက ဆန်အိတ်ပိုင်းငါးပိုင်း၊ ဆီပုံးခွံတစ်ခု၊ သဘော်ကွေ့ကျေးရွာနေ မာမတ်တူဆောင်း(ဘ) မိုဟာမတ်ကာလာများနဲ့ ကျောက်ပန္နုကျေးရွာနေ အဒူဟာလိပ်(ဘ) အာဘူဟာရှိန်းတို့ရဲ့အမည်များပါရှိတဲ့ ကျောင်းသားကတ်နှစ်ခု၊ ကိုရမ်ကျမ်း စာအုပ်သုံးအုပ်နဲ့ ဟောင်းနွမ်းနေတဲ့ အကျီသုံးထည်တို့ကို ရှာဖွေတွေ့ရှိရပါတယ်။

အဲဒီလိုဏ်ဂူတွေတွေ့ရှိခဲ့တဲ့ ကျေးရွာတွေနဲ့ အနီးတစ်ဝိုက်နယ်မြေတွေကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ဆက်လက်ရှာဖွေနေပါတယ်။

### ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနယ်စပ်ပစ်ခတ်မှုဖြစ်ပွား

၂၀၁၇ ခုနှစ် နိုဝင်ဘာလ(၅)ရက်နေ့လယ်ပိုင်းအချိန် ဖြစ်ပါတယ်။ အောင်သပြေနယ်မြေအပိုင် မိုင်တိုင်အမှတ် (၄၅)ကင်းစခန်းမှ တပ်သား လေးဦးဖြစ်တဲ့ ရဲတပ်သား မျိုးနိုင်၊ ရဲတပ်သား နိုင်ကိုကို၊ ရဲတပ်သား မျိုးမင်းနဲ့ ရဲတပ်သားထန်စွမ်းပြောင်းတို့ဟာ အောင်သပြေနယ်မြေရုံးက လစာထုတ်ပြီး စခန်းကို ပြန်လာခဲ့တယ်။ မိုင်တိုင်(၄၆) ဆာလီတောင်ရွာကိုအရောက်မှာ ဘင်္ဂလားဒေ့ရှ် BGB တပ်ကနေ သူတို့ဆီကို သေနတ်နဲ့ လှမ်းပစ်ပါတယ်။ အဲဒီအတွက် ရဲတပ်သားလေးဦးကလည်း ပြန်လည်ပစ်ခတ်ခဲ့ပါတယ်။

အဲဒီတပ်သားလေးဦးထဲက တစ်ဦးဖြစ်တဲ့ ရဲတပ်သား ထန်စွမ်းပြောင်းဟာ ဆိုင်ကယ်နဲ့ အောင်သပြေနယ်မြေစခန်းကိုသွားရောက်ပြီး စစ်ကူတောင်းခံနိုင်ခဲ့တဲ့အတွက် အောင်သပြေနယ်မြေမှူးဦးဆောင်တဲ့ စစ်ကူတွေရောက်လာလို့ အခြေအနေကောင်းမွန်သွားတယ်။

အဲဒီနေရာမှာ ကျန်နေခဲ့တဲ့ တပ်သားသုံးဦးစလုံး ဒဏ်ရာတစ်စုံတစ်ရာမရရှိခဲ့ပါဘူး။ လက်နက်ခဲယမ်း ဆုံးရှုံးမှုတွေ မရှိခဲ့ပါဘူး။

### ဘင်္ဂလားဒေ့ရှ်မှ နယ်စပ်တွင် ပစ်ခတ်မှုကို မြန်မာပြည်မှ ကန့်ကွက်စာပေးပို့

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းမှာ မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်တွေကို ဘင်္ဂလားဒေ့ရှ်ပိုင်နက်အတွင်းက ပစ်ခတ်ခဲ့တာနဲ့ပတ်သက်ပြီး မြန်မာနယ်ခြားစောင့်ရဲတပ်ဖွဲ့က ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်ဘက်ကိုကန့်ကွက်စာပေးပို့ထားပါတယ်။ ဒီပစ်ခတ်မှုဟာ နိုဝင်ဘာ(၅)ရက်နေ့ညနေပိုင်းကဖြစ်ပွားခဲ့တာဖြစ်ပြီး ဘယ်သူတွေကလှမ်းပစ်သလဲဆိုတာ အခုအထိတော့ အတိအကျမသိရသေးပါဘူး။

မြန်မာနယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်တွေကို ပစ်ခတ်တာနဲ့ပတ်သက်ပြီး မြန်မာဘက်က ကန့်ကွက်ထားကြောင်းကို နိုင်ငံတော်၏အတိုင်ပင်ခံရုံး ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက အခုလို ပြောပါတယ်။

**‘ဖြစ်တာက ဟိုဘက်ထဲကနေ ပစ်တာပေါ့။ ဘင်္ဂလားဒေ့ရှ်ပိုင်နက်ထဲကနေပစ်တာ၊ အဲဒါကိုကန့်ကွက်တာပေါ့။ ဘင်္ဂလားဒေ့ရှ်ဘက်အခြမ်းမှာ ဘင်္ဂလားဒေ့ရှ်တပ်ဖွဲ့တွေမဟုတ်ရင် ဘယ်လက်နက်ကိုင်အဖွဲ့တွေရှိနေလဲပေါ့။ ဘင်္ဂလားဒေ့ရှ်ဘက်က ပြန်စစ်ဖို့လိုလိမ့်မယ်။ ဖြစ်သွားတဲ့အပေါ်မှာတော့ အသေအပျောက်တော့ မရှိဘူး။ ဒါပေမယ့် ဒါက နှစ်နိုင်ငံနယ်စပ်ဖြစ်တဲ့အတွက် မဖြစ်သင့်ဘူးပေါ့။ မဖြစ်သင့်တဲ့အတွက် ကျွန်တော်တို့ ဘင်္ဂလားဒေ့ရှ်ဘက်ကို နယ်ခြားစောင့်တပ်အချင်းချင်း ကန့်ကွက်ထားတာ။’**

ဒီပစ်ခတ်တိုက်ခိုက်မှုဟာ နှစ်နိုင်ငံနယ်ခြားမှတ်တိုင်အမှတ် (၄၅)နဲ့ (၄၆)ကြားမှာဖြစ်ပွားပြီး နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်တွေ ပစ်ခတ်ခံရတဲ့ အခြေအနေကို ဦးဇော်ဌေးက အခုလို ပြောပါတယ်။

**‘မိုင်တိုင်(၄၅)နဲ့ (၄၆)ကြားဗျ၊ ကင်းစခန်းကို ပစ်တာမဟုတ်ဘူး၊ သူတို့က ဆိုင်ကယ်နဲ့ထွက်လာတဲ့အချိန်မှာလှမ်းပစ်တာ၊ လှမ်းပစ်တော့ဒီဘက်ကလည်း ပြန်ပစ်တယ်၊ နောက်တစ်ယောက်က ကျန်တဲ့ရဲတပ်ဖွဲ့ဝင်တွေကိုသတင်းပို့တယ်၊ ပို့တဲ့အခါ နောက်ထပ်(၂၀)လောက်လိုက်လာတဲ့အချိန်မှာ ဟိုအဖွဲ့က အဲဒီမှာရှိသေးတယ်၊ ဟိုအဖွဲ့ဆိုတာ နောက်ချန်ကျန်ခဲ့တဲ့ ရဲအဖွဲ့ပေါ့၊ အဲဒီရဲအဖွဲ့နဲ့ ခေါ်ပြီးတော့ ပြန်လာတာ၊ ပစ်တဲ့နေရာကတော့ ဟိုဘက်ခြမ်းက ပစ်တာပေါ့၊ ဟိုဘက်က အချက် (၃၀) လောက်ပစ်တယ်၊ ဒီဘက်ကလည်း ပြန်ပစ်တာ အချက်(၃၀) လောက်ရှိတယ်။’**

ပြီးခဲ့တဲ့အောက်တိုဘာလ(၂၂)ရက်နေ့ကလည်း မိုင်တိုင်အမှတ် (၄၆)နဲ့(၄၇)အကြားမှာ ပစ်ခတ်မှုတစ်ကြိမ်ဖြစ်ပွားခဲ့ပါတယ်။ ဒီပစ်ခတ်မှုကတော့ အောင်သပြေကျေးရွာက ဒိုင်းနက်အမျိုးသား လေးယောက်ဟာ နှစ်နိုင်ငံနယ်စပ်ခြံစည်းရိုးကို ကျော်ဖြတ်ပြီး တောဝက်လိုက်ချိန်မှာ ARSA လို့ယူဆရတဲ့ လူ (၁၅)ယောက်လောက်က သေနတ်နဲ့ဝိုင်းဝန်းပစ်ခတ်ခဲ့တာကြောင့် နှစ်ယောက်သေဆုံးပြီး နှစ်ယောက် ဒဏ်ရာရခဲ့တယ်လို့ မြန်မာအစိုးရကသတင်းထုတ်ပြန်ခဲ့ပါတယ်။ ဒါပေမယ့် အဲဒီတုန်းက ဘယ်အဖွဲ့က ပစ်ခတ်တယ်ဆိုတာကိုတော့ အတိအကျမဖော်ပြခဲ့ပါဘူး။

×××

ပြီးခဲ့တဲ့ဩဂုတ်လ (၂၅)ရက်နေ့ ဖြစ်ပွားတဲ့ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားပြီးတဲ့နောက်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကို လူခြောက်သိန်းလောက် တိမ်းရှောင်သွားတယ်လို့ကုလသမဂ္ဂကသတင်းထုတ်ပြန်ထားပါတယ်။ မြန်မာအစိုးရကတော့ တိမ်းရှောင်သွားသူတွေထဲမှာ ARSA အကြမ်းဖက်အဖွဲ့မှာ ပါဝင်သူနဲ့ ကူညီအားပေးသူ (၇၀၀)လောက်ပါဝင်နေပြီး အဲဒီသူတွေကိုစုံစမ်းဖော်ထုတ်ဖို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို စာရင်းပေးပို့ထားပါတယ်။

မြန်မာ့တပ်မတော်ကတော့ အကြမ်းဖက်မှုမှာ ပါဝင်သူ နှစ်ထောင်ကျော်ဟာ ဘင်္ဂလားဒေ့ရှ်ကို တိမ်းရှောင်သွားတယ်လို့ သတင်းထုတ်ပြန်ထားပါတယ်။

×××

### ဘင်္ဂလားဒေ့ရှ်ဘက်က ပြန်လာမယ့်သူတွေအရေးနှင့် ပတ်သက်ပြီး ရခိုင်ပြည်နယ်မြောက်ပိုင်းမှ တိုင်းရင်းသားကျေးရွာ (၂၈) ရွာသဘောထားထုတ်ပြန်

ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုထွက်ပြေးသွားတဲ့ မွတ်ဆလင်တွေကို စိစစ်လက်ခံပြီးနောက် မူလနေရာတွေမှာ ပြန်လည်နေရာချထားခြင်းမပြုဖို့ **မောင်တောမြို့နယ် တောင်ဘက်ပိုင်း ကျေးရွာပေါင်း (၂၈)ရွာက** သဘောထားကြေညာချက်တစ်ခု နိုဝင်ဘာ(၆)ရက်နေ့က ထုတ်ပြန်တောင်းဆိုလိုက်ပါတယ်။ အဲဒါတွေကတော့ -

**‘ဘင်္ဂလားဒေ့ရှ်က ပြန်လာမယ့်လူတွေကို မူလ နေရာတွေမှာ ပြန်လည်နေရာချထားမယ်ဆိုရင် ဒေသခံ တိုင်းရင်းသားတွေရဲ့ လုံခြုံရေးအတွက် အလွန်စိုးရိမ်စရာဖြစ်နေပါတယ်’** လို့ မောင်တောမြို့နယ်ဝေသာလီကျေးရွာက ရခိုင်တိုင်းရင်းသား ကိုဝင်းမောင်က ပြောပါတယ်။

မောင်တောဒေသအရေးနဲ့ပတ်သက်ပြီး အင်းတောင်၊ ဥဒေါင်း၊ ပဲရုံ၊ မောရဝတီ၊ ဝေသာလီအစရှိတဲ့ မောင်တောမြောက်ပိုင်းမှာရှိတဲ့ တိုင်းရင်းသားကျေးရွာပေါင်း(၂၈)ရွာက ဒေသခံ(၁၀၀)ကျော်ဟာ သရေကုန်ဘောင်ကျေးရွာမှာ နိုဝင်ဘာ (၆)ရက်နေ့က ဆွေးနွေးခဲ့တာဖြစ်ပြီး သူတို့ရဲ့သဘောထားကို ထုတ်ပြန်လိုက်တာဖြစ်ပါတယ်။

### ဘင်္ဂလားဒေ့ရှ်က ပြန်လာမယ့် မွတ်ဆလင်တွေကို မူလနေရာမှာနေရာချပေးမယ်ဆိုရင် တိုင်းရင်းသားကျေးရွာတွေအားလုံး နေရပ်စွန့်ခွာဖို့ ဆုံးဖြတ်ထားဆိုခြင်း။

‘မြန်မာနိုင်ငံတော်အစိုးရအနေနဲ့ မွတ်ဆလင်တွေကို သူတို့ရဲ့မူလနေရာတွေမှာ ပြန်လည်နေရာချထားမယ်ဆိုရင် မောင်တောမြို့နယ် တောင်ပိုင်းကျေးရွာတွေအားလုံးက တိုင်းရင်းသားတွေအားလုံး နေရပ်စွန့်ခွာဖို့ ဆုံးဖြတ်ခဲ့ကြတယ်’ လို့လည်း ပြောပါတယ်။

×××

(၁) ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ထွက်ပြေးသွားကြတဲ့ မွတ်ဆလင်တွေကိုလက်ခံမယ့်ကိစ္စကို အလျင်အမြန်ကတိုက်ကရိုက် မပြုလုပ်ရန်။

(၂) မွတ်ဆလင်တွေကို ပြန်လည်နေရာချထားရေး ဆောင်ရွက်ရာမှာလည်း စခန်းတွေနဲ့ စုစည်းထားရှိရန်။

(၃) ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနဲ့ စိစစ်ပေးရန်။

(၄) ကုလသမဂ္ဂနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေကို မောင်တောမြို့နယ်အတွင်း ဝင်ရောက်ခွင့်မပြုရန် ဆိုပြီး တောင်းဆိုချက်လေးချက်ကို တိုင်းရင်းသားကျေးရွာ (၂၈)ရွာရဲ့ သဘောထားထုတ်ပြန်ချက်ကိုဖော်ပြထားပါတယ်။

### ကုလသမဂ္ဂလုံခြုံရေးကောင်စီ ရခိုင်အရေး ကြေညာချက်ကို မြန်မာအစိုးရပယ်ချ

မြန်မာအစိုးရရဲ့အားထုတ်ကြိုးပမ်းမှုတွေကို နိုင်ငံတကာအသိုင်းအဝိုင်းဘက်က လျစ်လျူရှုထားတဲ့အတွက် မြန်မာအစိုးရဘက်က စိတ်မသက်မသာ ဖြစ်စေတယ်လို့ အစိုးရ ပြောရေးဆိုခွင့်ရှိသူဘက်က တုံ့ပြန်ပြောဆိုလိုက်ပါတယ်။ ရခိုင်အရေးနဲ့ပတ်သက်ပြီး နိုင်ငံတကာမီဒီယာတွေအနေနဲ့ ဘက်တစ်ဖက်ထဲကအသံတွေကိုပဲ ထုတ်ဖော်ရေးသားတာမျိုးမလုပ်ဘဲ နှစ်ဖက်မျှတအောင်ရေးဖို့ တိုက်တွန်းလိုက်ပါသေးတယ်။

ရခိုင်ဒေသက စွန့်ခွာသွားသူတွေ ပြန်လက်ခံဖို့ကိစ္စမှာ သက်ဆိုင်ရာနိုင်ငံနဲ့သာ ညှိနှိုင်းလုပ်ဆောင်သွားမှာဖြစ်ပြီး ကြားနိုင်ငံတွေက ပါဝင်ဖို့ကိုလက်ခံမှာမဟုတ်ဘူးလို့ အစိုးရဘက်က ပြောဆိုလိုက်ပါတယ်။

www.free4readers.com

# တပ်မတော်နှင့်ဒေါ်အောင်ဆန်းစုကြည် သွေးခွဲသူများ ကျဆုံးပါစေ

အာဆီယံထိပ်သီးအစည်းအဝေးများသို့ ဒေါ်အောင်ဆန်းစုကြည်တက်ရောက်မည် ၅-၁၁-၂၀၁၇



ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာဆီယံနိုင်ငံများ၏ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာပြပွဲတက်ရောက် ၇-၁၁-၂၀၁၇






အောင်လအန်ဆန်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျပ်သိန်း (၁၀၀) နှင့်ဂုဏ်ပြုလွှာပေးအပ် ၅-၁၁-၂၀၁၇



အမေရိကန်နိုင်ငံ လေတပ်တပ်ဖွဲ့က ဆိုမာလီယာနိုင်ငံအတွင်းရှိ အစွန်းရောက်တပ်ဖွဲ့ဝင်များအား ဗုံးကြဲတိုက်ခိုက် ၄-၁၁-၂၀၁၇




ဆော်ဒီအိမ်ရှေ့မင်းသားအမိန့်ဖြင့် တော်ဝင်မင်းသားများနှင့် ဝန်ကြီးအပါအဝင် (၁၁) ဦးအား ဖမ်းဆီးထိန်းသိမ်းလိုက် ၅-၁၁-၂၀၁၇



အပစ်ရပ်သဘောတူညီမှုလက်မှတ်ထိုးဖို့ UNFC ပိုနီးစပ် ၈-၁၁-၂၀၁၇



ပုပ္ပားတွင် အန္တရာယ်ရှိနိုင်သော တောင်ကျရေကြောင့် အိမ် ... 



ရခိုင်ပဋိပက္ခတွေကြောင့် ခရီးသွားအရေအတွက် ထင်ထားသလောက် လျော့နည်းမသွား ၇-၁၁-၂၀၁၇



အမေရိကန်တက္ကဆက်ပြည်နယ်တွင် လူအများအပြားကို သေနတ်နှင့်ပစ်ခတ်မှု နောက်တစ်ကြိမ်ဖြစ်ခဲ့ပြီး အနည်းဆုံး (၂၆) ဦးသေဆုံးကာ (၂၀) ကျော်ဒဏ်ရာရ ၆-၁၁-၂၀၁၇







ဒေါ်အောင်ဆန်းစုကြည်မှ အလိမ်းဂါလာနီကိုအနိုင်ရခဲ့သည့် အောင်လအန်ဆန်းအား ဂုဏ်ပြုလွှာပေးပို့ ၅-၁၁-၂၀...



www.free4readers.com

စပိန်ဘုရင့်နိုင်ငံမှကက်တလိုးနီးယားပြည်နယ်ခွဲထွက်ပြီး လွတ်လပ်ရေးရယူရန် ဆက်လက်ဆောင်ရွက်သွားမည်ဟု ကက်တလိုးနီးယားခေါင်းဆောင်က အခိုင်အမာဆက်လက်ပြောဆိုနေချိန်တွင် ကက်တလိုးနီးယားပြည်နယ်၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အား ပြန်လည်ရုပ်သိမ်းရန် အောက်တိုဘာလနှောင်းပိုင်း၌ စပိန်အစိုးရက စတင်စီစဉ်ဆောင်ရွက်လာခဲ့သည်။

စပိန်အခြေခံဥပဒေပုဒ်မ(၁၅၅)ကို အသုံးပြု၍ ကက်တလိုးနီးယား ပြည်နယ်အစိုးရ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အာဏာများကို ပြန်လည်ရုပ်သိမ်းရေးအတွက် ဆွေးနွေးဆုံးဖြတ်ရန် စပိန်အစိုးရအဖွဲ့၏ အထူးအစည်းအဝေးတစ်ရပ်အား အောက်တိုဘာလ(၂၈)ရက်နေ့တွင် ကျင်းပရန်စီစဉ်ထားခဲ့သည်။ ယင်းပုဒ်မအရ ဝန်ကြီးချုပ်မာရီယာနိုရာဂျိုင်း၏ စပိန်အစိုးရသည် ပြည်နယ်အစိုးရများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးဆိုင်ရာ အခွင့်အာဏာအားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း ပြန်လည်ရုပ်သိမ်းနိုင်သော အခွင့်အာဏာများရှိနေသည်။




# စပိန်နိုင်ငံမှကက်တလိုးနီးယားခွဲထွက်ရေး ပြဿနာ

ရဲကျော်စွာ



### လူထုဆန္ဒခံယူပွဲ

ကက်တလိုးနီးယားပြည်နယ်အစိုးရသည် စပိန်အစိုးရမှ ကန့်ကွက်နေသည့်ကြားမှ ကက်တလိုးနီးယားပြည်နယ်အား စပိန်နိုင်ငံအတွင်းမှ ခွဲထွက်ခြင်းပြု မပြုလူထုဆန္ဒခံယူပွဲတစ်ရပ်ကို ယခုနှစ်အောက်တိုဘာလအစောပိုင်း၌ ကျင်းပပြုလုပ်ခဲ့သည်။ ယင်းလူထုဆန္ဒခံယူပွဲ၌ စပိန်နိုင်ငံမှ ခွဲထွက်ရန် မဲဆန္ဒရှင်အများစုက မဲပေးခဲ့ကြသည်ဟု ကက်တလန်အစိုးရမှ တစ်ဖက်သတ်ကြေညာခဲ့သည်။ စပိန်နိုင်ငံမှ ခွဲထွက်ရန် ကက်တလန် ပြည်နယ်၏ လူထုဆန္ဒခံယူပွဲသည် စပိန်နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားမဝင်ကြောင်း စပိန်တရားရုံးချုပ်ကဆုံးဖြတ်ခဲ့သည်။

### လွတ်လပ်ရေးကြေညာမည်

စပိန်အစိုးရက တွေ့ဆုံဆွေးနွေးခြင်းမပြုလုပ်ဘဲ ကက်တလိုးနီးယားပြည်နယ်၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ပြန်လည်ရုပ်သိမ်းရန် ဆက်လက်လုပ်ဆောင်လာမည်ဆိုလျှင် ကက်တလိုးနီးယားနိုင်ငံ၏ လွတ်လပ်ရေးကြေညာချက်ကို ထုတ်ပြန်ကြေညာသွားရန် ကက်တလန်ပြည်နယ်လွှတ်တော်၌ မဲခွဲဆုံးဖြတ်သွားမည်ဟု ကက်တလိုးနီးယားခွဲထွက်ရေးလှုပ်ရှားမှုခေါင်းဆောင် ကားလ်စ်ပူဂ်ဒီမွန်က ကြိုတင်ပြောဆိုထားသည်။

အောက်တိုဘာလအလယ်ပိုင်း၌ ပြောကြားခဲ့သော မိန့်ခွန်းတစ်ခုထဲတွင် ကက်တလိုးနီးယားခေါင်းဆောင် ပူဂ်ဒီမွန်သည်လွတ်လပ်ရေးကြေညာသည့်သဖွယ် စတိသဘောမျိုးထည့်သွင်းပြောဆိုခဲ့သော်လည်း စပိန်အစိုးရနှင့် တွေ့ဆုံဆွေးနွေးရန် လိုလားနေဆဲဖြစ်သည့်အတွက် တရားဝင်ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များအား ချက်ချင်းမလုပ်ဆောင်သေးဘဲ ယာယီဆိုင်းငံ့ထားမည်ဟု ပြောဆိုခဲ့သည်။

ကက်တလိုးနီးယားခေါင်းဆောင်ပူဂ်ဒီမွန်အနေဖြင့် အမှန်တကယ်လွတ်လပ်ရေးကြေညာချက်ထုတ်ပြန်ပြီးသွားပြီးဆိုခြင်းဟုတ်မဟုတ်အား အောက်တိုဘာ(၂၆)ရက်နေ့အား နောက်ဆုံးထား၍ ဖြေကြားရှင်းလင်းတင်ပြရန် စပိန်ဝန်ကြီးချုပ်မာရီယာနိုရာဂျိုင်းက ကက်တလိုးနီးယားခေါင်းဆောင် ပူဂ်ဒီမွန်အား အချိန်ပေးကန့်သတ်ထားခဲ့သည်။

### ဥရောပသမဂ္ဂကိုထိခိုက်လာမည်လား

ဥရောပသမဂ္ဂထဲမှ ဗြိတိန်နိုင်ငံခွဲထွက်သွားခဲ့ပြီးသော နောက်ပိုင်း တွင် ဂျာမနီနှင့်ဩစတြီးယားနိုင်ငံမှ ရွေးကောက်ပွဲရလဒ်များ၊ စပိန်နိုင်ငံမှ ကက်တလိုးနီးယားခွဲထွက်ရေးလူထုဆန္ဒခံယူပွဲများကြောင့် ဥရောပသမဂ္ဂအား ထိခိုက်လာမည်လားဟု လေ့လာသူများက သုံးသပ်ဆွေးနွေးနေကြသည်။ စပိန်ဗဟိုအစိုးရနှင့် ကက်တလိုးနီးယားဒေသအကြားတင်းမာမှုများသည် ဥရောပသမဂ္ဂ၏အနာဂတ်ကို ခြိမ်းခြောက်နေသည့်သဖွယ်ဖြစ်နေသည်ဟု ဆိုသည်။ တစ်ချိန်တည်းမှာပင်ဥရောပသမဂ္ဂ၏ညီညွတ်မှုအားထိခိုက်စေမည်ဟုဆိုသည်။

ဥရောပသမဂ္ဂမတည်မငြိမ်ဖြစ်ရခြင်း၏ အကြောင်းရင်းများမှာ နေ့စဉ်ကြီးထွားလာနေသော မွတ်ဆလင်ဒုက္ခသည်များ၏ လူဦးရေစီးဆင်းမှုပြဿနာ၊ အစ္စလာမ္မစ်အစွန်းရောက်စစ်သွေးကြွများ၏ အကြမ်းဖက်တိုက်ခိုက်မှုများ၊ အစွန်းရောက်လစ်ဘရယ်များ၏ လူ့အခွင့်အရေးကို အလွန်အကျွံရှေ့တန်းတင်မှုများ၊ ဥရောပသမဂ္ဂအားတစ်ခုတည်းသော ပြည်ထောင်စုနိုင်ငံတော်သစ်တစ်ရပ်အဖြစ် ပေါင်းစည်းလာပါက မိမိထက် လူဦးရေပိုများပြားပြီး ပိုမိုနေအင်အားကြီးမားသော မဟာအင်အားကြီးနိုင်ငံသစ် (New Super Power)ဖြစ်လာမည်ကို စိုးရိမ်ထိတ်လန့်နေသော အမေရိကန်ပြည်ထောင်စု၏ ဝင်ရောက်နှောင့်ယှက်မှုများနှင့်သွေးခွဲခြေထိုးမှုများ၊ ပြင်သစ်-ဂျာမနီဝင်ရိုးတန်းအသစ်က ဥရောပတိုက်၏ အနာဂတ်ကို ထိန်းချုပ်သွားမည့်အခြေအနေအား စိုးရိမ်ကြောက်ရွံ့နေသော ဗြိတိန်နိုင်ငံ၏ ပညာသားပါပါ တုံ့ပြန်မှုများက ဥရောပသမဂ္ဂအား ဖရိုဖရဲဖြစ်လာနေစေသည်။

ဥရောပသမဂ္ဂအတွင်း အခြေအနေများက အမေရိကန်ပြည်ထောင်စုအတွက်အခွင့်ကောင်းယူရန် လမ်းဖွင့်ပေးနေသကဲ့သို့ ဖြစ်နေသည်။ အမေရိကန်က စပိန်နိုင်ငံနှင့် ဥရောပသမဂ္ဂတစ်ဝန်းလုံးတွင် အမေရိကန်ဩဇာလွှမ်းမိုးမှုတိုးပွားလာစေရန် လုပ်ဆောင်နေသည်ဟုဆိုသည်။ ရှေးရိုးစွဲဝါဒီကွန်ဆာဗေးတစ်များ၊ လစ်ဘရယ်ဝါဒီများ၊ ဘာသာရေးလူနည်းစုများနှင့် လူမျိုးရေးလူနည်းစုများအား အသုံးပြု၍အမေရိကန်၏ ဩဇာလွှမ်းမိုးမှုကို လျင်မြန်စွာတိုးချဲ့နေသည်ဟုဆိုသည်။

### ကက်တလိုးနီးယားရွေးကောက်ပွဲအသစ်

ဥရောပကော်မရှင်ကမူ ကက်တလိုးနီးယားခွဲထွက်ရေးကို အသိအမှတ်မပြုဘဲ စပိန်ဗဟိုအစိုးရကိုသာ အသိအမှတ်ပြုမည်ဟုဆိုသည်။ စပိန်အစိုးရက ခွဲထွက်ရေးဝါဒီများကြီးစိုးနေသော ကက်တလန်ပြည်နယ်လွှတ်တော်ကိုဖျက်သိမ်း၍ ကက်တလိုးနီးယားရွေးကောက်ပွဲအသစ်ကို လာမည့်ဒီဇင်ဘာလ(၂၁)ရက်နေ့တွင် ကျင်းပမည်ဟုပြောဆိုသည်။

### စပိန်အစိုးရ၏လက်တုံ့ပြန်မှု

စပိန်အစိုးရက ကက်တလိုးနီးယားပြည်နယ်၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ရုပ်သိမ်းကာကက်တလန်ပြည်နယ်လွှတ်တော်ကို ဖျက်သိမ်းလိုက်သည်။ ကက်တလိုးနီးယားခွဲထွက်ရေးလှုပ်ရှားမှုခေါင်းဆောင်များနှင့် ကက်တလိုးနီးယားပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်ဝန်ကြီးများအား လိုက်လံဖမ်းဆီးခဲ့သည်။ ကက်တလိုးနီးယားဒေသတစ်ခုလုံးအား စပိန်ဗဟိုအစိုးရ၏တိုက်ရိုက်ဗဟိုအုပ်ချုပ်မှုအောက်သို့ သွတ်သွင်းလိုက်သည်။

ကက်တလိုးနီးယားသမ္မတကားလ်စ်ပူဂ်ဒီမွန်နှင့် ခေါင်းဆောင်အချို့ သည် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တော်သို့ ထွက်ပြေးတိမ်းရှောင်သွားကြသည်။ ကက်တလန်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးရှစ်ဦးကို စပိန်အစိုးရက ဖမ်းဆီးရမိခဲ့သည်။

### ကက်တလိုးနီးယားလွတ်လပ်ရေးဆက်လက်တိုက်ပွဲဝင်မည်

ကက်တလိုးနီးယားအစိုးရအဖွဲ့အား ဖျက်သိမ်းလိုက်ခြင်းကို လိုက်နာရန် စပိန်အစိုးရက အမိန့်ထုတ်ပြန်ထားသော်လည်း ကက်တလိုးနီးယားဒေသသီးခြားလွတ်လပ်ရေးအတွက် ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း အာဏာမှဖယ်ရှားခံလိုက်ရသော ကက်တလိုးနီးယားသမ္မတကားလ်စ်ပူဂ်ဒီမွန်က အောက်တိုဘာလ(၂၈)ရက်နေ့တွင် ပြောဆိုလိုက်သည်။

ကက်တလိုးနီးယားအစိုးရအား ဖျက်သိမ်းနိုင်ခွင့်အာဏာသည် ကက်တလိုးနီးယားလွှတ်တော်တစ်ခုတည်း၌သာတည်ရှိသည်ဟု ကက်တလိုးနီးယားသမ္မတပူဂ်ဒီမွန်ကပြောဆိုသည်။

### ကက်တလိုးနီးယားလွှတ်တော်၏ နောက်ဆုံးဆုံးဖြတ်ချက်များ

စပိန်နိုင်ငံမှ ခွဲထွက်ပြီးကက်တလိုးနီးယားလွတ်လပ်ရေးကို ကြေညာရန် အောက်တိုဘာ(၂၈)ရက်တွင် ကက်တလိုးနီးယားသမ္မတပူဂ်ဒီမွန်ဦးဆောင်သော ပြည်နယ်ညွန့်ပေါင်းအစိုးရအဖွဲ့က ကက်တလိုးနီးယားလွှတ်တော်သို့ အဆိုတင်သွင်းခဲ့သည်။ ကက်တလိုးနီးယားလွှတ်တော်အတွင်း မဲခွဲဆုံးဖြတ်ရာတွင် ထောက်ခံမဲ(၇၀)၊ ကန့်ကွက်မဲ(၁၀)မဲ၊ ကြားနေမဲ၊ နှစ်မဲတို့ဖြင့် လွတ်လပ်ရေးကြေညာရန် အတည်ပြုခဲ့သည်။ အောက်တိုဘာလ(၂၈)ရက်တွင် ယင်းကဲ့သို့ဆုံးဖြတ်ချက်ချလိုက်ပြီး နာရီပိုင်းအတွင်းမှာပင် စပိန်ဝန်ကြီးချုပ်က ကက်တလိုးနီးယားပြည်နယ်လွှတ်တော်ကို ဖျက်သိမ်းလိုက်သည်။ ကက်တလိုးနီးယားပြည်နယ်အစိုးရအဖွဲ့ကိုဖယ်ရှား၍ စပိန်ဗဟိုအစိုးရက ပြည်နယ်၏ အုပ်ချုပ်ရေးကို တိုက်ရိုက်လွှဲပြောင်းရယူစေမည့် စပိန်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၁၅၅)ကို အသုံးပြုရန် စပိန်အထက်လွှတ်တော်က အတည်ပြုပေးခဲ့သည်။

### ဆန္ဒပြပွဲများ

ကက်တလန်ခေါင်းဆောင်ရှစ်ဦးကို စပိန်ဗဟိုအစိုးရက တရားစွဲဆို ရန် ဆက်လက်ချုပ်နှောင်ထားပြီးနောက် ဘာစီလိုနာမြို့တော်တွင် ခွဲထွက်ရေးကို ထောက်ခံသူများက ဆန္ဒပြပွဲများပြုလုပ်ခဲ့ကြသည်။ စပိန်အာဏာပိုင်များက ယခုဆန္ဒပြသူများသည် သူပုန်များ၊ နိုင်ငံတော်ကိုအကြည်ညိုပျက်စေရန် လုပ်ဆောင်နေသူများနှင့် လူထု၏ငွေကြေးကို အလွဲ သုံးစားပြုလုပ်နေသူများ ဖြစ်ကြသည်ဟု စွပ်စွဲတုံ့ပြန်လိုက်သည်။

အောက်တိုဘာလအတွင်း၌ ကက်တလိုးနီးယားယဉ်ကျေးမှုခေါင်းဆောင်နှစ်ဦးကို စပိန်ဗဟိုအစိုးရက ဖမ်းဆီးထားခဲ့သည့်အတွက် ယခုအချိန်တွင်စုစုပေါင်းကက်တလိုးနီးယားခေါင်း ဆောင်ဆယ်ဦးအထိ ဖမ်းဆီးထိန်းသိမ်းခံနေရသည်။

ကက်တလိုးနီးယားအရေးတွင် စပိန်ဗဟိုအစိုးရကိုထောက်ခံခဲ့သော ဥရောပနိုင်ငံအစိုးရများသည်အရှက်တရားကင်းမဲ့သူများဖြစ်ကြသည်ဟု ဆန္ဒပြသူများက ကြွေးကြော်ခဲ့ကြသည်။

### တရားရုံးစစ်ဆေးခြင်း

နိုဝင်ဘာလ(၂)ရက်နေ့တွင် ကြားနာသောတရားစီရင်မှုတွင်ရောက်ရှိလာသောကက်တလိုးနီးယားဝန်ကြီးဟောင်းကိုးဦးအနက် ဝန်ကြီးဟောင်းရှစ်ဦးကို ဆူပူထကြွစေရန် လှုံ့ဆော်မှု၊ သူပုန်ထမှုနှင့် ပြည်သူ့ရန်ပုံငွေအလွဲသုံးစားပြုမှုများနှင့် စွဲချက်တင်စစ်ဆေးပြီး စပိန်တရားရုံးမှ အကျဉ်းထောင်၌ ချုပ်နှောင်ထားရန် ချမှတ်လိုက်သည်။ ဝန်ကြီးဟောင်းတစ်ဦးကိုမူတရားရုံးကအာမခံဖြင့်ပြန်လွှတ် ပေးလိုက်သည်။

ပြည်ပသို့တိမ်းရှောင်ထွက်ပြေးသွားသည့် ကက်တလိုးနီးယားသမ္မတ ကားလ်စ်ပူဂ်ဒီမွန်နှင့်တရားရုံးသို့ လာရောက်ခြင်းမရှိသော အခြားဝန်ကြီးလေးဦးအား စပိန်တရားရုံးမှဥရောပဝရမ်းဖမ်းဆီးမိန့်ထုတ်ပြန်လိုက်သည်။ သူတို့ငါးဦးလုံးသည် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တော်သို့ရောက်ရှိနေကြသည်။ ပူဂ်ဒီမွန်က သူ့အပေါ်စွဲချက်များသည် နိုင်ငံရေးပယောဂနှင့်လုပ်ဆောင်ခြင်းဖြစ်သည်ဟု တုံ့ပြန် လိုက်ပြီး ဥပဒေပိုင်းလုပ်ဆောင်ချက်များသည် ဘက်မလိုက်ဘဲ တရားမျှတမှုရရှိရမည်ဆိုသည့် အာမခံချက်ရရှိမှသာ စပိန်နိုင်ငံကို ပြန်လာမည်ဟု ပြောဆိုလိုက်သည်။ ပူဂ်ဒီမွန်ကိုဖမ်းဆီးရေးအတွက် နိုင်ငံတကာဖမ်းဆီးမိန့်အင်တာနေရှင်နယ်ဝရမ်းတစ်ခုထုတ်ပေးရန် အစိုးရရှေ့နေတစ်ဦးက တင်သွင်းထားသည်။

ဥပဒေ၏အထက်တွင် မည်သူမျှမရှိစေရဟု စပိန်အစိုးရကပြော ကြားလိုက်ပြီး ပူဂ်ဒီမွန်အနေဖြင့် စွဲချက်များကိုဖြေရှင်းရန် စပိန်နိုင်ငံသို့ပြန်လာရမည်ဖြစ်ပြီးတရားရုံး၌လာရောက်တရားရင်ဆိုင်ရမည်ဟုပြောဆိုလိုက်သည်။

ပူဂ်ဒီမွန်က သူသည် နိုင်ငံရေးခိုလှုံခွင့်ရယူရန် ဘရပ်ဆဲလ်မြို့တော်သို့ ရောက်ရှိနေခြင်းမဟုတ်ကြောင်း ငြင်းဆိုထားသည်ဟုသိရှိရသည်။ သူနှင့်အတူလိုက်ပါလာခဲ့သော လုပ်ဖော်ကိုင်ဖက်များသည် တရားရုံး၌ အမှုရင်ဆိုင်ရန်အတွက် စပိန်နိုင်ငံသို့ ပြန်သွားကြရန် သဘောတူညီကြမည့်ပုံစံမျိုးရှိနေကြသည်ဟု ဆိုသည်။

### ဒီဇင်ဘာရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်မည်

ကက်တလိုးနီးယားသမ္မတပူဂ်ဒီမွန်က လာမည့်ဒီဇင်ဘာလအတွင်း ပြန်လည်ကျင်းပပေးမည့် ကက်တလိုးနီးယားပြည်နယ်လွှတ်တော်ရွေး ကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဟု ဘယ်လ်ဂျီယံအစိုးရပိုင် RTBG ရုပ်သံလွှင့်ဌာနအား နိုဝင်ဘာလ(၃)ရက်နေ့က ပြောကြားလိုက်သည်။ လိုအပ်မည်ဆိုလျှင် ယခုသူခိုလှုံနေသော ဘယ်လ်ဂျီယံနိုင်ငံမှနေ၍ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးကို အဝေးမှလှမ်း၍ လုပ်ဆောင်မည်ဟုပြောဆိုသည်။

ဒီဇင်ဘာလ(၂၁)ရက်နေ့တွင် ကျင်းပရန်စီစဉ်ထားသော ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်းတစ်ဦးအဖြစ် ပါဝင်ယှဉ်ပြိုင်ရန်သူအဆင့်သင့်ဖြစ်နေသည်ဟု ပူဂ်ဒီမွန်ကပြောဆိုသည်။ မိမိတို့သည် ကမ္ဘာလုံးဆိုင်ရာဖြန့်ကြက်လွှမ်းခြုံထားနေသောလောကတွင်နေထိုင်နေကြသောကြောင့် မည်သည့်နေရာမှမဆို မဲဆွယ်စည်းရုံးရေးလုပ်ဆောင်၍ရသည်ဟု သူက ပြောဆိုခဲ့သည်။

### စပိန်နိုင်ငံ၏ရန်သူဟောင်းများ

ဥရောပအင်ပါယာများက ကိုလိုနီနယ်မြေများအပြိုင်အဆိုင်ရှာဖွေလုယက်နေခဲ့ကြသော နယ်ချဲ့ခေတ်များကတည်းက စပိန်နိုင်ငံ၏ရန်သူတော်ဟောင်းများလည်းဖြစ်ပြီး စပိန်နိုင်ငံအပေါ် ရန်ငြိုးအာဃာတများထားရှိခဲ့ကြဖူးသော ဗြိတိန်၊ ပြင်သစ်နှင့် အမေရိကန်ပြည်ထောင်စုတို့သည် ယခုစပိန်နိုင်ငံကက်တလိုးနီးယားခွဲထွက်ရေးပြဿနာအား မည်ကဲ့သို့ကိုင်တွယ်၍ မည်ကဲ့သို့ဝင်ရောက်စွက်ဖက်ခြယ်လှယ်ကြမည်ကို အထူးပင်သတိထား၍လေ့လာစောင့်ကြည့်ရမည်ဖြစ်သည်။

ရဲကျော်စွာ

www.free4readers.com

# ဖလူးမှသည် ဝေါလေခဆီသို့

## အပိုင်း(၅)

ကေ(တောင်တန်းပြာ)



ဖလူးစခန်းမှ သိမ်းဆည်းရမိသော လက်နက်ခဲယမ်းများ

### ခမရ(၁၁၉)က ဖလူးနောက်ကျောမှ ဝင်တိုက်ခြင်း

ပုသိမ်ကြီးတပ်ရင်းဟာ ဖလူးစခန်းနောက်ကျောပိုင်းက သံဆူး ကြိုးတွေနား ချဉ်းကပ်မိတာနဲ့တစ်ပြိုင်နက် ပွိုင့်တပ်စုက တစ်ခါတည်းပါလာတဲ့ ပလာယာကြီးတွေနဲ့ အောက်ခြေက သံဆူးကြိုးတွေကို ကြိတ်ပြီး ဖြတ်တောက်ကြတယ်။ မိနစ် ၃၀ လောက်အကြာမှာတော့ အပြင်သံဆူးကြိုးတစ်ထပ်ကို အောင်မြင်စွာဖြတ်တောက်နိုင်ခဲ့ကြတယ်။ နောက်ထပ် ဖြတ်တောက်ဖို့က သံဆူးကြိုးနှစ်ထပ်ကျန်သေးတယ်။ ဒါပေမယ့် သံဆူးကြိုးတစ်ထပ်နဲ့တစ်ထပ် အကြားမှာ မိုင်းတွေမြှုပ်ထားတော့ ပွိုင့်တပ်စုမှာပါလာတဲ့ ဘီအီးရဲဘော်က မိုင်းရှာစူးနဲ့ ထိုးထိုးကြည့်ပြီး မိုင်းရှင်းတယ်။ ကံကောင်းထောက်မစွာနဲ့ မိုင်းတစ်လုံးဖော်နိုင်ခဲ့တယ်။ သံဆူးကြိုးတစ်ထပ်နဲ့တစ်ထပ် အကွာအဝေးက သုံးကိုက်လောက်ပဲရှိပေမယ့် ဘီအီးရဲဘော်က ခပ်စိပ်စိပ်ထိုးပြီး မိုင်းရှာတော့ တစ်နာရီလောက်ကြာတယ်။ တပ်မတော်ကဖလူးနောက်ကျောကနေ ဝင်တိုက်မယ်ဆိုရင် နှစ်နိုင်ငံနယ်နိမိတ် ထိုင်းဘက်ကမ်းကို မလွှဲမသွေ အသုံးပြုရတော့မယ်။ အဲဒီလိုအသုံးပြုမယ်ဆိုရင် နိုင်ငံတော်အချုပ်အခြာအာဏာအရ ထိုင်းတပ်မတော်ကလည်း လက်ခံမှာမဟုတ်ဘူး။ ဒါကြောင့် ငပွေးတွေဟာ မြန်မာ့တပ်မတော်က ဝင်မတိုက်နိုင်တဲ့ ဖလူးနောက်ပိုင်းကိုတော့ ဗူးဝကလို သံဆူးကြိုးနဲ့မိုင်းတွေကို အထပ်ထပ်အလီလီလုပ်မထားကြဘူး။ ဒါဟာ ပုသိမ်ကြီးသားတွေအဖို့ အခွင့်ကောင်းတစ်ခုဖြစ်သွားတာပေါ့။

ပွိုင့်တပ်စုဟာ အပြင်သံဆူးကြိုးတစ်ထပ်နဲ့ မိုင်းကွင်းရှင်းပြီး အလယ်သံဆူးကြိုးတစ်ထပ်ကို ဆက်လက်ဖြတ်တောက်ကြတယ်။ အလယ်သံဆူးကြိုးတစ်ထပ်ကိုလည်း ချောချောမောမောနဲ့ ဖြတ်တောက်နိုင်ခဲ့ကြပြန်တယ်။ ပြီးတော့ တစ်ခါတည်း ဘီအီးရဲဘော်က မိုင်းရှင်းတယ်။ မိုင်းနှစ်လုံး ထပ်ဖော်နိုင်ခဲ့ပြန်တယ်။ အချိန်တော့ တစ်နာရီကျော်ကြာသွားတယ်။ နောက်ဆုံးအတွင်းသံဆူးကြိုးတစ်ထပ်ပဲ ကျန်တော့တယ်။ အတွင်းသံဆူးကြိုးဖြတ်တောက်နိုင်ရင်တော့ စခန်းထဲဝင်လို့ရပြီ။ ဗူးဝရှေ့မှာတော့ တအုန်းအုန်း တကျိမ်းကျိမ်းနဲ့ ဆူညံနေတုန်း။ အတွင်းသံဆူး ကြိုးနဲ့ ငပွေးတွေနေရာယူထားတဲ့ ဘန်ကာတွေကကိုက်အစိတ်လောက် ပဲ ကွာတာပါ။ ဒါပေမယ့် နောက်ပိုင်းမှာ နေရာယူထားတဲ့ ငပွေးတွေဟာ ဗူးဝဆီကိုပဲ အာရုံရောက်နေကြပုံရတယ်။ နောက်ပိုင်းကနေ သံဆူး ကြိုးတွေ ဖြတ်တောက်ပြီး တိတ်တဆိတ်ဝင်လာကြတဲ့ ပုသိမ်ကြီးသားတွေကို မရိပ်မိသေးဘူး။ အစိုးရစစ်ကြောင်းတွေ ဖလူးနောက်ကျောကတော့ ဝင်မလာနိုင်ဘူးလို့လည်း တွေးကြမှာပေါ့။ ပွိုင့်တပ်စုဟာ နောက်ဆုံးအတွင်းသံဆူးကြိုးတစ်ထပ်ကို ဆက်ပြီးဖြတ်တောက်ကြတယ်။ ငပွေးတွေ နေရာယူထားတဲ့ ဘန်ကာတွေနဲ့နီးနေပြီဆိုတော့ အတတ်နိုင်ဆုံး အသံဗလံမထွက်အောင် ကြိတ်ပြီးဖြတ်တောက်ကြတယ်။ ရန်သူနဲ့ အတော်လေးနီးကပ်နေပြီဆိုတော့ ပွိုင့်တပ်ခွဲတစ်ခွဲလုံး ရင်တွေတထိတ်ထိတ်နဲ့။ အသက်တောင် ရဲရဲမရှူရဲကြဘူး။

မိနစ် ၃၀ လောက်အကြာမှာ အတွင်းသံဆူးကြိုးတစ်ထပ်ကိုလည်း အောင်မြင်စွာဖြတ်တောက်နိုင်ခဲ့ကြပြန်တယ်။ အဲဒီအထိ နောက်ပိုင်းက ငပွေးတွေ မရိပ်မိသေးဘူး။ အဲဒီလိုဖြတ်တောက်ပြီးတာနဲ့တစ်ပြိုင်နက် ပွိုင့်တပ်ခွဲဟာ တစ်ယောက်ပြီးတစ်ယောက်စခန်းထဲဝင်သွားကြပြီ။ စခန်းထဲရောက်သွားတဲ့ ပွိုင့်တပ်ခွဲဟာ တစ်နေရာတည်းမှာ စုပြုံနေတော့ တပ်ခွဲမှူးက တပ်ဖြန့်ထားဖို့ အချက်ပေးတုန်းမှာ ရဲဘော် တစ်ယောက် ခလုတ်တိုက်လဲပြီး ဒိုင်းခနဲကျည်ထွက်သွားပါလေရော။ အဲဒီတော့မှ နောက်ပိုင်းက ငပွေးတွေဟာ တပ်မတော်စစ်ကြောင်းတွေ ဖလူးနောက်ကျောက ဝင်လာကြမှန်းရိပ်မိကြပြီး စတင်ပစ်ခတ်ကြလို့ တိုက်ပွဲစဖြစ်ကြတယ်။ ဒါပေမယ့်တပ်ခွဲတစ်ခွဲရဲ့ ပစ်အားကို ငပွေးတွေ လန့်ပြီး တချို့ထွက်ပြေးကြတယ်။ အဲဒီအချိန်မှာ နောက်မှာ ခါးဆက်ထားတဲ့တပ်ခွဲကလည်း ကြိုတင်ယူဆောင်လာတဲ့ ဝါးလှေကားတွေထောင်ပြီး စခန်းထဲကို တစ်ယောက်ပြီးတစ်ယောက်ဝင်လာကြတယ်။ သူသေကိုယ်သေတိုက်ရတဲ့တိုက်ပွဲဆိုတော့ ထုံးစံအတိုင်း အားလုံးစိတ်လှုပ်ရှားကြတာပေါ့။ ဒီတော့ သူ့လူမှန်းမသိကိုယ့်လူမှန်းမသိ အချင်းချင်းမှားပစ်ပြီး နှစ်ယောက်သုံးယောက်လောက် ကျဆုံးသွားတယ်။ ညတိုက်ပွဲတွေမှာ ဖြစ်တတ်တဲ့သဘာဝပဲ။ ဘာပဲဖြစ်ဖြစ် ပုသိမ်ကြီးသားတွေက ဖလူးနောက်ပိုင်းက ဘန်ကာတွေကို ဝင်စီးမိကြပြီ။ ဘန်ကာတွေမှာ ငပွေးတွေမရှိတော့ဘူး။ ထွက်ပြေးသွားကြတာလား။ နောက်က ခံစစ်ဘန်ကာတွေမှာ ဆုတ်သွားကြတာလား မသိကြသေးဘူး။

### ဖလူးစခန်းကို သိမ်းပိုက်ခြင်း

တကယ်တော့ ငပွေးတွေဟာ ထွက်ပြေးသွားကြတာပါ။ အချိန်ကလည်း သန်းခေါင်ယံကျော်တစ်နာရီလောက်ရှိနေပြီ။ ငပွေးတွေဟာ ဘယ်နေရာကနေ ဘယ်လိုဖောက်ပြီး ထွက်ပြေးသွားကြမှန်းတိတိကျကျမသိကြပေမယ့် သောင်ရင်းမြစ်ထဲမှာ လူဖြတ်ပြေးသံတွေ ကြားကြရတယ်။ ပုသိမ်ကြီးတပ်ရင်းက စစ်ကြောင်း(၂) တစ်ကြောင်းလုံး ဖလူးနောက်ပိုင်းက ဝင်တိုက်ပြီး ဗူးဝကို ရန်ကင်းတောင်သားတွေကလည်း တိုက်နေတော့ ငပွေးတွေအဖို့ နှစ်ဖက်ညှပ်ပြီး အတိုက်ခံရသလို ဖြစ်နေတယ်။ ဒါကြောင့် ငပွေးတချို့ဟာ ကြောက်လန့်ပြီး ထွက်ပြေးကြတယ်။ တစ်ယောက်ပြေး တစ်ယောက်လိုက်ဆိုသလို သူသေကိုယ်သေခုခံဖို့ မကြိုးစားကြတော့ဘဲ တစ်ဖွဲ့ပြီးတစ်ဖွဲ့ထွက်ပြေးကြတယ်။ တကယ်တော့ ဖလူးနောက်ပိုင်းမှာ နေရာယူထားတဲ့ ငပွေးတွေအဖို့ အလစ်အငိုက်အတိုက်ခံရတာဖြစ်တယ်။ မထင်မှတ်တဲ့နေရာကနေ မမျှော်လင့်တဲ့အချိန်မှာ အငိုက်ဖမ်းပြီး လှုပ်ရှားခဲ့တဲ့ ပုသိမ်ကြီးသားတွေရဲ့ တိုက်စစ်က ပြောင်မြောက်လှပါတယ်။ ငပွေးတွေရဲ့ ခုခံမှုမရှိတော့လို့ ပုသိမ်ကြီးသားတွေလည်း ရောက်တဲ့နေရာမှာပဲ နေရာယူထားရင်း အခြေအနေကိုစောင့်ကြည့်နေကြတယ်။ ဖလူးစခန်း နောက်ပိုင်းက ငပွေးတွေထွက်ပြေးကုန်တော့ နောက်ကျောမလုံတော့တဲ့ ဗူးဝက ငပွေးတွေကလည်း ဘာသားနဲ့ ထုထားတာမို့လို့လဲ။ သူတို့လည်း နောက်ကျတဲ့ဖနောင့်သစ္စာဖောက်ပဲ။

ဒီတော့ ဗူးဝမှာယောင်ပြတိုက်နေတဲ့ ရန်ကင်းတောင်သားတွေဟာ ဗူးဝမှာ ငပွေးတွေရဲ့ ပစ်ခတ်မှုရပ်သွားတာနဲ့တစ်ပြိုင်နက် ဗူးဝတံခါး ပေါက်ကို အတင်းဖောက်ဝင်ပြီး ဗူးဝကဘန်ကာတွေကိုဝင်စီးကြတယ်။ ဒါပေမယ့် ငပွေးတွေ တစ်ယောက်မှ မရှိတော့ပါဘူး။ ရန်ကင်းတောင်သားတွေလည်း ဗူးဝမှာပဲနေရာယူကြရင်း အခြေအနေကို စောင့်ကြည့်နေကြတယ်။ ဒီလိုနဲ့ တဖြည်းဖြည်းမိုးလင်းလာခဲ့တယ်။ ဖလူးစခန်းတစ်ခုလုံးရဲ့ ဝေလီဝေလင်းဟာ နှင်းမှုန်တွေနဲ့ ရစ်သိုင်းနေတယ်။ ပုသိမ်ကြီးသားတွေနဲ့ ရန်ကင်းတောင်သားတွေဟာ နှင်းမှုန်တွေကြားထဲမှာ သူ့လူလား ကိုယ့်လူလား မသဲကွဲသေးတော့ လှုပ်ရှားမှုမလုပ်ကြသေးဘဲ ဆက် လက်နေရာယူရင်း အခြေအနေစောင့်ကြည့်နေရတယ်။ ဒီကြားထဲမှာ တစ်ချက်နှစ်ချက်ပစ်ခတ်မှု ဖြစ်လိုက်သေးပေမယ့် ထိခိုက်သူတော့ မရှိ လိုက်ဘူး။ ငပွေးတွေဟာ ရရာအပေါက်ကနေ တစ်ညလုံး ထွက်ပြေး ခဲ့ကြတယ်။ တချို့ ငပွေးတွေက သေနတ်နဲ့ကျည်ဆန်တွေ ထားခဲ့ပြီး ထိုင်းဘက်ကမ်းကို ကိုယ်လွတ်ရုန်းထွက်ပြေးကြပေမယ့် တချို့ ငပွေးတွေကတော့ သေနတ်တွေနဲ့အတူ ကမ်းစပ်အတိုင်း တောင်ဘက်ကို ထွက်ပြေး ကြတယ်။ ငပွေးတချို့ကတော့ သေနတ်တွေကို သောင်ရင်းမြစ်ထဲပစ်ခဲ့ပြီး ထိုင်းဘက်ကမ်းကို ထွက်ပြေးကြတယ်။ ယောင်ရမ်းပြီး သေနတ်ပါသွားတဲ့ ငပွေးတွေကိုတော့ ထိုင်းဘက်ကမ်းမှာ အသင့်စောင့်နေတဲ့ ထိုင်းရဲနဲ့ ထိုင်းစစ်သားတွေက ဆီးဖမ်းပြီး သေနတ်တွေ သိမ်းယူလိုက်တယ်။

မနက် ၈ နာရီလောက်မှာတော့ နှင်းမှုန်တွေ တဖြည်းဖြည်းပြယ်ပြီး မြင်ကွင်းတွေကလည်း သဲသဲကွဲကွဲ မြင်ရပြီ။ အဲဒီတော့မှ ပုသိမ်ကြီးသား တွေနဲ့ ရန်ကင်းတောင်သားတွေဟာ ဖလူးစခန်းတစ်ခုလုံးကို ဖြန့်ခွဲပြီး ရှင်းကြတယ်။ ငပွေးတွေတော့ တစ်ယောက်မှ မရှိတော့ဘူး။ ဒီတော့ ပုသိမ်ကြီးသားတွေနဲ့ရန်ကင်းတောင်သားတွေကမနက် ၉ နာရီ အချိန်မှာ ဖလူးစခန်းတစ်ခုလုံးကို သိမ်းပိုက်နိုင်ခဲ့ကြပါတယ်။ စာရင်းချုပ်လိုက်ရင် ဖလူးစခန်းထဲမှာ ငပွေးတွေရဲ့ လက်နက်ကြီးမျိုးစုံ အလက် ၄၀ ကျော်၊ လက်နက်ငယ်မျိုးစုံ အလက် ၂၀၀ ကျော်နဲ့ လက်နက်ခဲယမ်း မျိုးစုံ လှည်း ငါးစီးတိုက် သိမ်းဆည်းရမိခဲ့ကြတယ်။ ငပွေးတွေရဲ့အလောင်း ၁၅ လောင်းကျန်ခဲ့တယ်။ ဒဏ်ရာနဲ့ ထွက်ပြေးသွားတဲ့ ငပွေးတချို့ ထိုင်းဘက်ကမ်းမှာ ကျဆုံးသွားတယ်လို့လည်း ကြားသိရတယ်။ ဖလူးစခန်း ကျဆုံးခြင်းဟာ ငပွေးတွေရဲ့ သမိုင်းမှာ အကြီးမားဆုံး ဆုံးရှုံးမှုလို့ မှတ်တမ်းတင်ခဲ့ကြတယ်။ ငပွေးတွေကတော့ မြန်မာ့တပ်မတော်ဟာ ထိုင်းတပ်မတော်ရဲ့အကူအညီနဲ့ ဖလူးစခန်းကို တိုက်ခိုက်လာလို့ ဆုတ်ခွာပေးလိုက်ရတယ်ဆိုပြီး ဘီဘီစီ၊ ဗီအိုအေကနေ အော်ကြတယ်။ ဒါကိုတော့ ထိုင်းတပ်မတော်ကလည်း ငြင်းပါတယ်။ တကယ်လည်း ထိုင်းမတော်က မကူညီပါဘူး။ ပုသိမ်ကြီးသားတွေ ထိုင်းဘက်ကမ်းစပ်ကနေဝင်တော့ ထိုင်းတပ်မတော် မပြောနဲ့ ထိုင်းရဲကင်းက ထိုင်းရဲတွေတောင် မသိလိုက်ပါဘူး။

ပုသိမ်ကြီးသားတွေ ထိုင်းဘက်ကမ်းစပ်ကိုဖြတ်တာက အချိန်ပိုင်းလေးပါ။ တိတိကျကျပြောမယ်ဆိုရင် တစ်နာရီလောက်ပဲကြာတာပါ။ အဲဒါကို တစ်ပါးနိုင်ငံရဲ့ နယ်မြေကို ခိုးကြောင်ခိုးဝှက် အသုံးချမှုအဖြစ် စွပ်စွဲကြေးဆိုရင်တော့ ထိုင်းတပ်မတော်နဲ့ ထိုင်းရဲတွေလည်း သူတို့နယ်စပ်မှာ လှုပ်ရှားနေတဲ့ မူးယစ်မှောင်ခိုဂိုဏ်းတွေနဲ့ လူမှောင်ခိုဂိုဏ်းတွေ လိုက်လံနှိမ်နင်းတဲ့အခါ မလွှဲမရှောင်သာလို့ မြန်မာဘက်ကမ်းကို ခဏတဖြုတ် ဖြတ်သွားဖြတ်လာ လုပ်တာမျိုးရှိတာပဲ။ အဲဒါကို ပိုင်နက်ကျူးကျော်တယ် ဆိုပြီး မြန်မာဘက်က ဘယ်တုန်းကမှ မစွပ်စွဲခဲ့ပါဘူး။ အခုလည်း ထိုင်းတပ်မတော်က ဘာမှမပြောဘဲ ငပွေးတွေက သူတို့ဘာသာ ဘီဘီစီကနေအော်နေကြတာပါ။ ဒီနေရာမှာ ဆုတ်ခွာတာနဲ့ ထွက်ပြေးတာ မတူပါဘူး။ ငပွေးတွေက သူတို့ ဆုတ်ခွာခဲ့ရတယ်လို့ ကြေညာပေမယ့် လူကြားကောင်းအောင် ကြေညာတာပါ။ ဆုတ်ခွာတယ်ဆိုတာ မိမိတို့ရဲ့ အရေးကြီးပစ္စည်းတွေနဲ့ လက်နက်ခဲယမ်းတွေ အားလုံးယူဆောင်ပြီး စနစ်တကျ ဆုတ်ခွာတာမှ ဆုတ်ခွာတယ်လို့ ပြောလို့ရတာပါ။ အခု ဖလူးစခန်းထဲက ငပွေးတွေဟာ ကြောက်လန့်ပြီး ကိုယ်လွတ်ရုန်းထွက်ပြေးကြတာပါ။ ဒီတိုက်ပွဲမှာ ရန်ကင်းတောင်တပ်ရင်းက လေးယောက်ကျဆုံးပြီး ပုသိမ်ကြီးတပ်ရင်းက ၁၈ ယောက်ကျဆုံးခဲ့တယ်။ ဘယ်လိုပဲတိုက်တိုက် မကျစေရဘူးလို့ ငပွေးတွေ ကြွေးကြော်ခဲ့တဲ့ KNU တပ်မဟာ (၆) ရဲ့ ဖလူးစခန်းကြီးဟာကျဆုံးခဲ့ပါပြီ။ ဒါပေမယ့် ဖလူးကနေ ထွက်ပြေးသွားတဲ့ငပွေးတွေနဲ့ မူလငပွေးစစ်ကူတွေပေါင်းပြီး ဖလူးကို ပြန်တိုက်ဖို့ စုဖွဲ့နေကြတယ်။

(ဆက်လက်ဖော်ပြပါမည်။)

ကေ(တောင်တန်းပြာ)



# မြန်မာနိုင်ငံမှပြည်ပရောက်ရွှေ့ပြောင်းအလုပ်သမားများပြဿနာဖြေရှင်းဆောင်ရွက်ရေး

မောင်သက်ပြင်း(ဇလွန်)

*ယခင်တစ်ပတ်မှအဆက်*

အင်ဒိုနီးရှား နိုင်ငံရှိ ဝေးလံခေါင်းပါးကျွန်းပေါ်တွင် နှစ်ပေါင်းများစွာ သောင်တင်ပြီး ဘဝကိုကြမ်းတမ်းစွာ ဖြတ်ကျော်ခဲ့ရသည့် မွန်ပြည်နယ်မြို့နယ်တစ်ခုမှ လူငယ်တစ်ဦး၏ အဖြစ်အပျက်မှာ ကမ္ဘာကျော်ခဲ့ပါသည်။ သတင်းထောက်တစ်ဦးက ထိုကျွန်းပေါ်သို့ စွန့်စားသွားရောက်နိုင်ခဲ့ပြီးဖြစ်ရပ်မှန်များကို ဖော်ထုတ်၍ အင်ဒိုနီးရှားအစိုးရသို့ အသိပေးတင်ပြနိုင်မှုကြောင့် အင်ဒိုနီးရှားရဲ တပ်ဖွဲ့မှသွားရောက်ကယ်တင် နိုင်ခဲ့ပါသည်။ ထိုမြန်မာလူငယ်မှာ ကျွန်းပေါ်တွင်(၁၅)နှစ်ကျော် နေထိုင်ခဲ့ပြီးမှ မြန်မာ နိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပြီး မိခင်၊ ညီအစ်ကိုမောင်နှမများနှင့် ပြန်လည်ဆုံဆည်းခွင့်ရခဲ့သည့် အဖြစ်အပျက်မှာ ကမ္ဘာကျော်ခဲ့ပါသည်။ လူကုန်ကူးမှုတားဆီးရေးဗဟိုအဖွဲ့၏ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလကြေညာချက်အရ အင်ဒိုနီးရှားနိုင်ငံရှိ ကျွန်းများပေါ်မှ ကယ်တင်ခဲ့ရသည့် မြန်မာတရားမဝင် ရွှေ့ပြောင်းအလုပ်သမား စုစုပေါင်းမှာ(၁၄၆၄)ဦး ရှိခဲ့ပါသည်။



ယင်းဖြစ်ရပ်ကြောင့် ထိုင်းနိုင်ငံ၏ပုံရိပ် ကမ္ဘာပေါ်တွင်များစွာကျဆင်းခဲ့ပါသည်။ ထိုင်းနိုင်ငံမှ အမေရိကန်နှင့် ဥရောပသို့တင်ပို့နေသည့် ပင်လယ်စာ တန်ဖိုးမှာ (၁၂) ဘီလီယံနီးပါးရှိပြီး ယင်းပို့ကုန်များ ပိတ်ပင်ခံရမည်ကို စိုးရိမ်လာသောကြောင့် ထိုင်းအစိုးရသည် ထိုင်းနိုင်ငံရောက်ရွှေ့ပြောင်းအလုပ်သမားများအတွက် တရားဝင်အလုပ်လုပ်ခွင့်ကတ်ပြားများ ထုတ်ပေးခြင်း၊ ကျန်းမာရေးအကျိုးခံစားခွင့်များစီစဉ်ပေးခဲ့သော်လည်းတရားမဝင်ရွှေ့ပြောင်းအလုပ်သမားအားလုံးအပေါ် လွှမ်းခြုံအောင်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။

လူကုန်ကူးမှု၏ဇာစ်မြစ်မှာ တရားမဝင်ရွှေ့ပြောင်းအလုပ်သမားများ ဖြစ်ပါသည်။ မြန်မာနိုင်ငံမှ တရားမဝင်ရွှေ့ပြောင်းအလုပ်သမားများ အဖြစ်သွားရောက်ရာတွင် လူကုန်ကူးသူ ပွဲစားများ၏ အနိုင်ကျင့်မှု၊ မော်တော်ယာဉ်၊ ရေယာဉ် မတော်တဆတိမ်းမှောက်သေဆုံးမှု၊ ထိုင်းရဲ၏ ဖမ်းဆီးခံရခြင်း၊ အလုံပိတ်ယာဉ်ဖြင့် သယ်ယူရာတွင် အသက်ရှူကြပ်သေဆုံးရမှုအပြင် အခြားမထင်မှတ်သည့် အန္တရာယ်များကို ကြုံတွေ့ကြ ရပါသည်။ ပွဲစားများက လူကုန်ကူးခံရသူများကို တောတွင်းတစ်နေရာတွင် ချထားခဲ့ပြီး ရှောင်ထွက်သွားခြင်းကိုလည်း တရားမဝင်ရွှေ့ပြောင်း အလုပ်သမားများခံခဲ့ကြရပါသည်။ ၂၀၁၅ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ တောတွင်းတစ်နေရာတွင် ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့မှ လူ(၁၀၀)ကျော်အား အစုလိုက်အပြုံလိုက် သတ်ဖြတ်၍ မြှုပ်နှံထားသည်ကို ထိုင်းရဲတပ်ဖွဲ့က ဖော်ထုတ်နိုင်ခဲ့ပါသည်။ ယင်းအမှုနှင့်ပက်သက်၍ လူ(၁၀၄) ဦးပါ လူကုန်ကူးမှု ဧရာမဂိုဏ်းကြီးတစ်ခုကို ဖော်ထုတ်နိုင်ခဲ့ပါသည်။ ယင်းဂိုဏ်းတွင် ထိုင်းစစ်တပ်မှာ ဗိုလ်ချုပ်ကြီးတစ်ဦး၊ မြို့တော်ဝန်ဟောင်းတစ်ဦး တို့ ပါဝင်ကြသည့်အပြင် ယင်းဂိုဏ်းအတွက် ငွေကြေးရင်းနှီးမြှုပ်နှံသည့် ဘင်္ဂလားဒေ့ရှ်နှင့် ထိုင်းနိုင်ငံမှ ငွေရှင်ကြေးရှင်အချို့လည်း ကြံ့ရာပါများဖြစ်ကြပါသည်။ လူကုန်ကူးလုပ်ငန်းသည် ရင်းနှီးမြှုပ်နှံမှု၏ ၅၀ ရာခိုင်နှုန်းကျော်မြတ်စွန်းသည့် လုပ်ငန်းဖြစ်၍ ငွေကြေးတောင့်တင်းသူသူဌေးများ၏ စီးပွားရေးစားကျက်ဖြစ်နေပါသည်။ ၂၀၁၇ခုနှစ်၊ ဇူလိုင်လ (၂၁)ရက် VOA သတင်း အရ ဖမ်းမိသူ(၆၂)ဦး အနက် အဓိကဦးဆောင်သူ အဏ္ဏဝါ(ခ)စိုးနိုင်အား ထောင်ဒဏ်(၉၃)နှစ်၊ ထိုင်းဗိုလ်ချုပ်ကြီးဟောင်း၊ မြို့တော်ဝန်ဟောင်း အပါအဝင် ကျန်တရားခံများကို ထောင်ဒဏ်(၂၇)နှစ် ထိုင်းတရားရုံးမှ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်းသိရှိရပါ သည်။ ကျန်တရားခံ(၄၂) ဦးမှာလွတ်မြောက်နေဆဲဖြစ်ပါသည်။ အမည်မဖော်လိုသူတစ်ဦး၏ ထုတ်ဖော်ပြောကြားချက်အရ လူကုန်ကူးခံရသူများကို စက်လှေဖြင့်သယ်ပို့ရာတွင် စက်လှေပေါ်ထမင်းကျွေးရာ၌ ဆင်များကိုကျွေးသည့် ဆေးတစ်မျိုးကို အဆာခံပြီး ဗိုက်မဆာအောင် ထမင်းတွင်နယ်၍ကျွေး သဖြင့် လမ်းခုလတ်တွင် သေဆုံးမှုများရှိခဲ့ကြောင်းလည်း ပေါ်ပေါက်ခဲ့ပါသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ လူကုန်ကူးမှုဆိုင်ရာ အစီရင်ခံစာ တွင် နိုင်ငံတကာလူကုန်ကူးမှုဆိုင်ရာဖော်ပြရာ၌ ထိုင်းနိုင်ငံအား TIRE-2 စံနှုန်းများပြည့်စုံအောင် လိုက်နာဆောင်ရွက်ခြင်းမရှိသော်လည်း ကြိုးပမ်း အားထုတ်မှုပြုသည့်နိုင်ငံ အဆင့်မှ TIRE-2 နှင့် TIRE-3 အကြား အဆင့်သို့ လျှော့ချလိုက်ပြီး ထူးခြားသည့်ကြိုးပမ်းဆောင်ရွက်မှု မပြုလုပ်နိုင်ပါက TIRE-3 အဆင့်သို့ ထပ်မံလျှော့ချခံရမည့်"စောင့်ကြည့်ခံနိုင်ငံ" အဖြစ်သတ်မှတ်ခဲ့ပါသည်။ TIRE-3 အဆင့်မှာ စံနှုန်းများကို လိုက်နာအကောင်အထည်ဖော်ခြင်း မရှိသည့်အပြင် ကြိုးပမ်းအားထုတ်မှု တစ်စုံတစ်ရာမရှိသည့်နိုင်ငံကို ဆိုလိုပါသည်။ ယင်းသို့ဖြစ်သွားပါက အရေးယူပိတ်ဆို့မှုအပါအဝင် အမေရိကန်၏ အကူအညီများဖြတ်တောက်ခံရမည်ဖြစ်ပါသည်။ ထိုင်းအစိုးရက လူကုန်ကူးခံရမှု၏ အခြေခံဇာစ်မြစ်ဖြစ်သည့် တရားမဝင်ရွှေ့ပြောင်းအလုပ်သမားများကို အလုပ်ခိုင်းစေသူအလုပ်ရှင်အားထိုင်းဘတ်ငွေ "ရှစ်သောင်း" ဒဏ်ရိုက်မည့် ဥပဒေကို ပြဋ္ဌာန်းလိုက်ပါသည်။ ယင်းဥပဒေကြောင့် မြန်မာနိုင်ငံမှ တရားမဝင်ရွှေ့ပြောင်းအလုပ်သမားများမြန်မာနိုင်ငံသို့ ပြန်လာခဲ့ကြပါသည်။ ယခုအခါ မြန်မာနိုင်ငံသို့ ပြန်လာသူ အလုပ်သမားများ (၅)သောင်းနီးပါးသို့ရှိလာခဲ့ပါသည်။ ဝင်ရောက်လာသူရွှေ့ ပြောင်းအလုပ်သမားများကို ကြိုဆိုလက်ခံပြီး နေရပ်ပြန်ရောက်သည်အထိ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရတာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

မလေးရှားနိုင်ငံတွင် တရားမဝင်ရွှေ့ပြောင်းအလုပ်သမားများကို "စီမံချက်"ဖြင့် ဖမ်းဆီးရာတွင် လူ(၃၀၀၀)ကျော်အဖမ်းခံခဲ့ရပါသည်။ ယင်းဖမ်းဆီးခံများအနက် မြန်မာနိုင်ငံမှ (၂၀၀)နီးပါး ပါဝင်ခဲ့ပါသည်။ ယင်းတို့ကို မလေးရှားလူဝင်မှုကြီးကြပ်ရေးဥပဒေအရ ထောင်ဒဏ်ကျခံ ပြီးပါက ထိန်းသိမ်းရေးစခန်းတစ်ခုတွင် ထားရှိကာ သက်ဆိုင်ရာနိုင်ငံနှင့် ဆွေးနွေးပြီး မိခင်နိုင်ငံသို့ပြန်ပို့မည်ဖြစ်ပါသည်။ မလေးရှားနိုင်ငံရောက် တရားမဝင်ရွှေ့ပြောင်းအလုပ်သမားများသည် ကြုံရာကျပန်း အလုပ်ကြမ်း လုပ်ကိုင်ရပြီး မိန်းကလေးများက အိမ်ဖော်၊ ကလေးထိန်းအလုပ် လုပ်ကိုင် ကြသလို အချို့မှာ နိုက်ကလပ်၊ ဘားများတွင် ပြည့်တန်ဆာအဖြစ်သို့ ရောက်ရှိသွားခြင်း၊ တရားမဝင်ရောက်ရှိနေသည်ကို အကြောင်းပြု၍ အလုပ်ရှင်များက ရဲလက်အပ်မည်ဟူသော ခြိမ်းခြောက်မှုအမျိုးမျိုး အနိုင် ကျင့်ခံရခြင်း၊ မလေးရှားနိုင်ငံသားများ၏ လုပ်ခလစာထက် နိမ့်ကျစွာရရှိခြင်း၊ အလုပ်ချိန်များလွန်ခြင်း၊ အချိန်ပိုကြေး အပြည့်အဝမရရှိခြင်း၊ မလေးရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများသည် ဘာသာရေး၊ လူမျိုးရေးဆန်သည့် အကြမ်းဖက်မှုကြောင့် အသတ်ခံရသည်အထိ ကြုံတွေ့နေရပါသည်။ အချို့ကိစ္စများတွင် လူသတ်မှုကို ရဲကအမှုစစ်၍ တရားရုံးသို့ စွဲတင်ခဲ့သော်လည်း တရားမဝင်ရောက်ရှိနေသူ မြန်မာနိုင်ငံသားများ တရားရုံးသို့ သက်သေခံရန် လာရောက်ခြင်းမရှိ၍ အမှုပိတ်ရသည့်ကိစ္စများရှိနေကြောင်း မလေးရှားနိုင်ငံရဲချုပ်က ထုတ်ဖော်ပြောဆိုပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ထိရောက်စွာ အကာအကွယ်မပေးနိုင်သေးပါ။

ယခုအခါ ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းအလုပ်သမားများနှင့်ပက်သက်၍ မည်သူမည်ဝါဖြစ်ကြောင်း CI(Certificate of Idenity) သက်သေခံ လက်မှတ်ထုတ်ပေးခြင်းကို ၂၀၁၇ခုနှစ်၊ စက်တင်ဘာလ(၁)ရက်မှစ၍ မဟာချိုင်(၁)နှင့်(၂)၊ စမုပရာကန်၊ မယ်ဆိုင်၊ မဲဆောက်၊ ရနောင်း၊ ချင်းမိုင်၊ နခွန်စဝမ်၊ ဆောင်ခလာတို့တွင် ဆောင်ရွက်ပေးပြီး CI ရရှိပြီးပါက ထိုင်းနိုင်ငံမှဆေးစစ်ခြင်း၊ ဗီဇာထုတ်ပေးခြင်း၊ အလုပ်လုပ်ခွင့်လက်မှတ် Work Permit ထုတ်ပေးခြင်းတို့ကို One Stop Service တစ်ကြိမ် တည်းအပြီး ဆောင်ရွက်ပေးနေပြီး တစ်နှစ်တာကာလ အလုပ်လုပ်ခွင့် လက်မှတ်အတွက် ကုန်ကျငွေဘတ်-၃၁၀၀ဖြစ်ပါသည်။ စာအုပ်ကိုင်ဆောင်ခွင့်ရရှိသူများသည် CI သက်တမ်းကာလအတွင်း နိုင်ငံသားအထောက်အထားရယူ၍ သာမန်နိုင်ငံကူးလက်မှတ်ပြောင်းလဲလျှောက်ထားရယူရန်ဖြစ်ပါသည်။ အဆင်ပြေစေရန် အတွက် နိုင်ငံကူးလက်မှတ် ထုတ်ပေးခြင်းကို၊ မြဝတီ၊ ကော့သောင်း၊ တာချီလိတ် နယ်စပ်မြို့များတွင် စက်တင်ဘာလ နောက်ဆုံးပတ်မှ စတင်ဆောင်ရွက်ပေးနေပြီး ဘဏ်တွင်ကျပ်နှစ်သောင်း ပေးသွင်းငွေချလန်ဖြင့် အိမ်ထောင်စုစာရင်း၊ မှတ်ပုံတင်များတင်ပြ၍ နိုင်ငံကူးလက်မှတ်ထုတ်ပေးနေပြီဖြစ်ပါသည်။

ထိုင်းနိုင်ငံသို့ တရားမဝင်ရွှေ့ပြောင်းအလုပ်သမားများအဖြစ် သွားရောက်ပြီး မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိသူ ငါးသောင်းခန့်အတွက် အောက်ပါအတိုင်း ဆောင်ရွက်သင့်ပါသည်။ လက်ရှိမြန်မာအထည်ချုပ် လုပ်ငန်းစက်ရုံ(၄၀၀)ကျော်နှင့် အလုပ်သမားလေးသိန်းခန့်ရှိကြောင်း အထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ စာရင်းအရ သိရှိရပါသည်။ အာရှအထည်ချုပ်စက်ရုံများတွင် ဘင်္ဂလားဒေ့ရှ်အလုပ်သမားတစ်လ(၄၅) ဒေါ်လာ(အချိန်ပိုကြေးမပါ)ရရှိနေပြီး မြန်မာအလုပ်သမားတစ်လ (၇၅)ဒေါ်လာ (အချိန်ပိုကြေးမပါ) ရရှိပါသည်။ မြန်မာပြည်တွင် လုပ်ခဒုတိယ အသက်သာဆုံးဖြစ်၍ ရင်းနှီးမြှုပ်နှံလိုသူများ စိတ်ဝင်စားကြသဖြင့် အထည်ချုပ်လုပ်ငန်းများထပ်မံ တိုးချဲ့လုပ်ကိုင်နိုင်ပါကအလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်ပြီးမိခင်နိုင်ငံသို့ ပြန်ရောက်ရှိသည့် ရွှေ့ပြောင်းအလုပ်သမားအရေးကို တစ်ဖက်တစ်လမ်းမှဖြေရှင်းနိုင်မည်ဖြစ်ပါသည်။

ထိုင်းနိုင်ငံသို့သွားရောက်အလုပ်လုပ်ကိုင်မည့် ရွှေ့ပြောင်းအလုပ်သမားများကိုလည်း ထိုင်းသို့မသွားရောက်မီ နယ်စပ်မြို့များဖြစ်သည့် မြဝတီ၊ ကော့သောင်း၊ တာချီလိတ်မြို့များတွင် သင်တန်းဖွင့်လှစ်ပို့ချသင့်ပြီး ယင်းသင် တန်းတွင်ထိုင်း နိုင်ငံ၏ ဓလေ့ထုံးစံများ၊ တော်ဝင်မိသားစုဆိုင်ရာဥပဒေ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လူကုန်ကူးမှုဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များ၊ အလုပ်သမားဥပဒေများ၊ တရားဝင်အလုပ်လုပ်ခွင့်ကတ်ပြား (Work Permit) ကိုင်ဆောင်သူတို့၏ အခွင့်အရေးနှင့်ရပိုင်ခွင့်များကို ပညာပေးပို့ချခြင်းဖြင့် ရွှေ့ပြောင်းအလုပ်သမားများ၏ ပြည်ပနိုင်ငံတွင် အလုပ်လုပ်ခွင့် အဆင်ပြေမှုရှိအောင်ပံ့ပိုးကူညီနိုင်မည် ဟု ယုံကြည်ပါကြောင်း တင်ပြအပ်ပါသည်။

မောင်သက်ပြင်း(ဇလွန်)

## ကမ္ဘာ့ထဲက မြန်မာ့စပါးကြီးမြွေ

ဟိုက်ဦးဆည်(တန့်ဆည်မြေ)



မြန်မာဟေ့
မြန်မာ မြန်မာဟေ့

ပရိသတ်ရဲ့ စကားသံတွေ
သူ့နားထဲမှာ မပြတ်ကြားတယ်
သူ့စိတ်မာန်မှာ စုပ်ယူ
သူ့ကြွက်သားထဲ ရိုက်ထည့်ပြီး
သံဇကာထဲ ဝင်လိုက်တယ်
အားမာန်နဲ့ကြုံးဝါး စင်ခုံကိုပုတ်
ပြိုက်ဘက်ကို သူစောင့်နေပြီ။

သူ့ရဲ့ ပင်ကိုယ်နှလုံးသားထဲက
ချစ်ခြင်းတရားတွေ
စင်အောက်မှာထားခဲ့တယ်
သနားကြင်နာ ညှာတာမှုတွေလည်း
စင်အောက်မှာထားခဲ့တယ်
အမုန်းတရားရဲ့ ပညာနဲ့
ပြိုက်ဘက်ကို ထိုးကြိတ်သတ်ပုတ်
အလဲထိုးနိုင်ဖို့
အမုန်းမျက်နှာဖုံးကို စွပ်လိုက်ပြီ။

စပြီ
ဒူး တံတောင် လက်သီး
အတိမ်းအရှောင်
မြွေဟောက်လို လျှင်မြန်စွာနဲ့
ပြီးတော့ ထိုးကြိတ်သတ်ပုတ်
အလဲထိုး စပါးကြီးမြွေလိုချုပ်လိုက်ပြီး
ပြိုင်ဘက်ကို အနိုင်ယူခဲ့တယ်။

ကြေညာလိုက်ပြီ
လက်တစ်ဖက်ကိုမြှောက်
ရွှေခါးပတ်စံ အောင်လအန်ဆန်တဲ့
ပျော်ကြသည် ကခုန်ကြသည်
ကြားလိုက်ရပြီ
အဲ့ဒါ မြန်မာ့စပါးကြီးမြွေကွ
မြန်မာဟေ့
မြန်မာ မြန်မာဟေ့ ။ ။

*ဟိုက်ဦးဆည် (တန့်ဆည်မြေ)*

www.free4readers.com

# ဖက်ဒရယ်မူအရ လူထုအတွက် ငွေကြေးသုံးစွဲခြင်း

# PUBLIC EXPENDITURE IN FEDERALISM

အပိုင်း(၅) **ဒေါက်တာတိုးမြင့်**

**အရှေ့အာရှနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများ၏ ဖက်ဒရယ်မူဗဟိုချုပ်ကိုင်မှု ဖြေလျှော့သောစီးပွားရေးလုပ်ငန်းနှိုင်းယှဉ်ချက်**

| နိုင်ငံ(ဘဏ္ဍာရေးနှစ်) | SNGအစိုးရ၏လူထုအကျိုးပြုလုပ်ငန်းများအသုံး (အမျိုးသားအသုံး၏ ရာခိုင်နှုန်း) |
|---|---|
| တရုတ်နိုင်ငံ ၂၀၀၂ | ၆၉ရာခိုင်နှုန်း |
| အင်ဒိုနီးရှား ၂၀၀၂ | ၃၂ရာခိုင်နှုန်း |
| ဖိလစ်ပိုင် ၂၀၀၁ | ၂၆ရာခိုင်နှုန်း |
| ထိုင်း ၂၀၀၁ | ၁၀ရာခိုင်နှုန်း |
| ဗီယက်နမ် ၂၀၀၂ | ၄၈ရာခိုင်နှုန်း |
| ဖွံ့ဖြိုးဆဲနိုင်ငံများ 1990'S | ၁၄ရာခိုင်နှုန်း |
| ဖက်ဒရယ်အသွင်ကူးပြောင်းဆဲနိုင်ငံများ ၁၉၉၀ | ၂၆ရာခိုင်နှုန်း |
| OECDနိုင်ငံများ 1990's | ၃၂ရာခိုင်နှုန်း |
| အခြားကမ္ဘာ့နိုင်ငံများ | |
| ဂျာမနီ | ၄၀ရာခိုင်နှုန်း |
| အိန္ဒိယ | ၄၆ရာခိုင်နှုန်း |
| ဂျပန် | ၆၁ရာခိုင်နှုန်း |
| ပါကစ္စတန် | ၂၉ရာခိုင်နှုန်း |
| ရုရှား | ၃၈ရာခိုင်နှုန်း |
| အမေရိကန်ပြည်ထောင်စု | ၄၆ရာခိုင်နှုန်း |

ဖက်ဒရယ်မူဝါဒဖြင့် ဗဟိုချုပ်ကိုင်မှုဖြေလျှော့ခြင်းကြောင့် ပြည်နယ်အစိုးရ (Subnational Government SNG)တို့က လူထုအကျိုးပြုဝန် ဆောင်မှုလုပ်ငန်းများတွင် ငွေကြေးကိုင်တွယ်စီမံခန့်ခွဲနိုင်မှုသည် ဖက်ဒရယ်စနစ်အခြေတကျဖြစ်ရေးအတွက် အလွန်အရေးကြီးပါသည်။

အာရှနိုင်ငံများသည် ရှေးပဝေသဏီထဲက ဗဟိုမှငွေကြေးချုပ်ကိုင် စနစ်ဖြင့်သာ ရင်းနှီးခဲ့ကြပါသည်။ ဤသို့အထက်မှအောက်ခြေသို့ ဆင်းသက်သောအုပ်ချုပ်မှုသည် တစ်နိုင်ငံလုံး၏စီးပွားရေး Macroeconomy ကျဆုံးချိန် (၁၉၉၈အာရှစီးပွားရေးကပ်)တွင် ပြုပြင်နိုင်စွမ်းအရှိဆုံးဖြစ်သော်လည်း လူထုကို ဝန်ဆောင်ပေးမှုကဏ္ဍတွင်မူ ဗဟိုမှစီမံချက်၊ ဗဟိုမှငွေကြေးထိန်းချုပ်မှုတို့သည် ရပ်ကျေးလူထုကို အကျိုးမပြုပါ။ လူထုကြီးတစ်ရပ်လုံးဆင်းရဲမွဲတေမှုမှ လွတ်ကင်းလိုပါလျှင် ဖက်ဒရယ်မူဖြင့်လူထုအခြေပြု Bottom Upအခြေမှ အထက်သို့အာဏာစီးဆင်းသော ငွေကြေးစနစ် လိုအပ်ပါသည်။ လူထု၏ငွေကြေးသုံးစွဲမှု Public Expenditureကို စီမံခန့်ခွဲနိုင်ရန် အထူးလိုအပ်လာပါသည်။

ဗဟိုနှင့်ပြည်နယ် (SNG)အစိုးရတို့အကြား ငွေကြေးလွှဲပြောင်းစနစ်၊ ဘဏ္ဍာငွေအသုံးစနစ်ပြုပြင်ပြောင်းလဲခြင်းကြောင့် အခွင့်အရေးနှင့်အခက်အခဲများ တစ်ပြိုင်နက်ပေါ်လာတတ်ပါသည်။ လူထုနှင့်ပိုမိုနီးကပ်စွာ ရှိခြင်းကြောင့် လူထုလိုအပ်သောဝန်ဆောင်မှုကဏ္ဍကို အလျင်အမြန် ဆောင်ရွက်ပေးနိုင်သော်လည်း ရံဖန်ရံခါအလုပ်တစ်ခုထဲနှစ်ကြိမ်လုပ်မိခြင်း Duplication၊ ဆက်သွယ်မှုအားနည်းခြင်း Poor Coordination၊ မညီမျှမှု Inequity နှင့် ပိုမိုဆိုးရွားလာပါက လုံးဝပျက်စီးခြင်းဖြစ်တတ်ပါသည်။

ဖက်ဒရယ်စီးပွားရေးစနစ်ပြောင်းလဲမှုကို (၁)တစ်နိုင်ငံလုံး၏ အသုံးနှင့်ပြည်နယ်အစိုးရများ၏ အသုံးတို့ကိုအချိုးချကြည့်ခြင်းဖြင့် သိနိုင်သည်။ ၂၀၀၂ကမ္ဘာ့ဘဏ်စာရင်းများအရ တရုတ်ပြည်က ပြည်နယ်အစိုးရများ၏ အသုံး SNG Expenditureသည် တစ်မျိုးသားလုံး၏အသုံး National Expenditure ၏၆၉ရာခိုင်နှုန်းရှိခဲ့သည်။ အင်ဒိုနီးရှားက ၃၂ရာခိုင်နှုန်း၊ ဗီယက်နမ်က၄၈ရာခိုင်နှုန်းရှိခဲ့သည်။ ထိုနှစ်တွင် ဂျာမနီက ၄၀ရာခိုင်နှုန်း၊ အိန္ဒိယက ၄၆ရာခိုင်နှုန်း၊ ဂျပန်က၆၁ရာခိုင်နှုန်း၊ ပါကစ္စတန်က ၂၉ရာခိုင်နှုန်း၊ ရုရှားက၃၈ရာခိုင်နှုန်း၊ USA က၄၆ရာခိုင်နှုန်းသုံးခဲ့ကြသည်။

ဖက်ဒရယ်ငွေကြေးစနစ်ပြောင်းလဲမှုကို ဒုတိယနည်းနှစ်ဖြင့် Expenditure Assignmentမည်သည့်ကဏ္ဍတွင်ငွေကြေးသုံးစွဲသည်ကိုကြည့်နိုင်သည်။ တရုတ်ပြည်တွင် လူထုအသုံးကဏ္ဍကို ပညာရေး၊ ကျန်းမာရေးတို့သာမက အငြိမ်းစားလစာ၊ အလုပ်လက်မဲ့ခံစားခွင့် Unemployment Benefit တို့ကို ပြည်နယ်၊ ခရိုင်အစိုးရတို့က ဆောင်ရွက်ပေးသည်။ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့တွင် ပညာရေးကို ပြည်နယ်အစိုးရလက်သို့လုံးဝ အပ်နှံပြီးငွေကြေးအသုံး၊ စီမံခန့်ခွဲမှုအစစကို လွှဲအပ်ခဲ့သည်။ ဖိလစ်ပိုင်တွင်မူ ကျန်းမာရေးကို ဗဟိုနှင့်ပြည်နယ်အစိုးရတို့ကပူးတွဲလုပ်ကိုင်ပြီး ပညာရေးကို ဗဟိုအစိုးရကသာ တစ်ဦးတည်းစီမံခန့်ခွဲသည်။

Policy and Planningစီမံကိန်းပေါ်လစီနှင့်စီစဉ်မှုတို့ကိုဝန်ကြီးဌာနအလိုက်ရှင်းလင်းစွာရှိနေရန်လိုအပ်ပြီး ဥပဒေအရခွင့်ပြုမှုလည်းရှိရန်လိုအပ်ပါသည်။ ရပ်ကျေးနှင့်မြို့ငယ်များ ဖွံ့ဖြိုးရေးရည်မှန်းချက်ကိုတိကျစွာချမှတ်ပြီး ဦးစားပေးဆောင်ရွက်ခြင်း၊ ဘဏ္ဍာငွေနှင့်လုပ်ကိုင်နိုင်မှုအခြေအနေတို့ကိုခွဲခြမ်းစိတ်ဖြာ Analyse လုပ်ဖို့လိုအပ်ပါသည်။ အဆိုပါကိစ္စများတွင် စီးပွားရေးဝန်ကြီးဌာနတစ်ခုထဲသာမက ဝန်ဆောင်မှုပေးမည့်ကဏ္ဍ Service Assignment မှဆိုင်ရာဝန်ကြီးတို့ကလည်း ပါဝင်ဆွေးနွေး ဆုံးဖြတ်ရန်လိုအပ်ပါသည်။

Budget Formulationထိရောက်သောဘတ်ဂျက်တစ်ခုဖြစ်ရန် အချိန်ကိုက်မှု၊ Sequence စဉ်ဆက်ဖြစ်မှု၊ တာရှည်ခံမှု Sustainableဖြစ်ရန်လိုအပ်ပါသည်။ ဘတ်ဂျက်ပြင်ပငွေစာရင်း Extra Budget Funds များ၊ အလှူငွေများကိုထည့်သွင်းလျက် အသုံးကိုလည်း Legislative Approval ဥပဒေပြုအဖွဲ့(လွှတ်တော်)က အတည်ပြုဖို့လိုပါသည်။ Budget Executing အကောင်အထည်ဖော်ခြင်းကဏ္ဍတွင် ဥပဒေပြုအဖွဲ့ကအတည်ပြုသောခန့်မှန်းအသုံးစရိတ်နှင့် နီးကပ်တိကျနိုင်သမျှဆောင်ရွက်ရပါသည်။ Monitoring and Accounting စောင့်ကြပ်ကြည့်ရှုခြင်းနှင့် စာရင်းစစ်ခြင်း တို့အတွက် တစ်နိုင်ငံလုံးနှင့်ဆိုင်သော ဥပဒေများပြဌာန်းပြီး ဗဟိုနှင့်ပြည်နယ်အစိုးရSNG တို့ အတူလိုက်နာရန်ဆောင်ရွက်ရပါသည်။ Auditing and Evaluation လုပ်ငန်းစစ်ဆေးခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းတို့ကို ဌာနတွင်းနှင့်ပြင်ပ Audit နှစ်ခုလုံး ဖြင့်ဆောင်ရွက်ရပါသည်။ လုပ်ငန်းစစ်အစီရင်ခံစာကို ဥပဒေပြု (လွှတ်တော်) နှင့်လူထုသိသာအောင်အချိန်နှင့်အလိုက် ထုတ်ပြန်ပေးရပါသည်။ ဤလုပ်ငန်း အဆင့်ဆင့်သည် SNG ပြည် နယ်အစိုးရများတွင် လွန်စွာအားနည်းနေသေးပြီး တဖြည်းဖြည်းအတွေ့ အကြုံရလာလျှင် ထိရောက်လာမည်ဟုမျှော်လင့်ရပါသည်။

**SNG များ၏အသုံးကိုစီမံခန့်ခွဲခြင်း**

ငွေကြေးသုံးစွဲမှုကိစ္စဖြစ်သဖြင့် ကိုင်တွယ်ဆောင်ရွက်သောအစိုးရယန္တရားအပေါ်တွင် မှီနေပါသည်။ ဗဟိုအစိုးရများက အဓိကနေရာတွင်ပါဝင်ပါသည်။ ဗဟိုအစိုးရက ပြည်နယ်အစိုးရများကိုအောက်ပါတို့တွင် ကြပ်မတ်ရမည်။

(၁)ရှင်းလင်းသောညွှန်ကြားချက်များနှင့်တာဝန်ယူမှုကို ဗဟိုအစိုးရကညွှန်ကြားကြပ်မတ်ရမည့် လူထုဝန်ဆောင်မှုလုပ်ငန်းတိုင်းကို ဆိုင်ရာဥပဒေပြု(လွှတ်တော်)က အတည်ပြုရမည်။ SNG အစိုးရများက ငွေကြေးသုံးစွဲခြင်း နှင့်လူထုကိုဝန်ဆောင်မှုပေးရန်တာဝန်ရှိသည်။

(၂)တာဝန်ပေးခြင်းနှင့် တာဝန်ယူခြင်းတို့ညီမျှမှုရှိရမည်။ SNG အစိုးရတို့ကို တာဝန်ပေးလျက်လုံလောက်သောငွေနှင့်ပစ္စည်းထောက်ပံ့မှုရှိလျှင် ပိုမိုထိ ရောက်စွာ ဆောင်ရွက်နိုင်ကြသည်ကိုတွေ့ရပါသည်။ လုံလောက်သောငွေရ ရန် အခွန်ငွေ Tax နှင့် လုပ်ပိုင်ခွင့်အာဏာပေးခဲ့လျှင် SNG အစိုးရတို့က လည်း တာဝန်ယူတာဝန်ခံဆောင်ရွက်ကြပါသည်။

(၃)လူသားစွမ်းရည်တိုးတက်လာစေမှုကို ဗဟိုအစိုးရက SNG သို့ကူညီရမည်။ ပြည်နယ်အစိုးရတို့တွင် ကျွမ်းကျင်ဝန်ထမ်းရှားပါးသည်။ "လုပ်ရင်းကျွမ်းကျင် မှု" Learning by Doingဖြစ်သဖြင့် ဗဟိုအစိုးရက SNG တို့ကို "လုပ်ခွင့်ပေးလျက်"သင်တန်းများ၊ နည်းပြများစေလွှတ်ခြင်းဖြင့် ပြည်နယ်အစိုးရ၏လူသားရင်းမြစ်တိုးတက်လာစေရမည်။

(၄) SNG က မိမိဒေသအတွင်း ငွေကြေးသုံးစွဲမှုဖြစ်သဖြင့် မိမိတာဝန်ယူရမည်။ တာဝန်ခံရမည်။ ငွေစာရင်းပြုစုမှု၊ စစ်ဆေးမှု၊ လုပ်ငန်းစစ်ဆေးမှုတို့တွင် ဌာနတွင်းနှင့်ပြင်ပစာရင်းစစ်တို့၏ လွတ်လပ်စွာတွေ့ရှိအကြံပြုချက်များကို လက်ခံရမည်။

(၅)တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ပတ်သက်၍လည်း တာဝန်ယူတာဝန်ခံရမည်။ SNG အစိုးရ၏ငွေကြေးပြဿနာသည် တစ်ခါတစ်ရံ ဗဟိုအစိုးရအထိရိုက်ခတ်ပြီး တစ်နိုင်ငံလုံး၏ Macroeconomyကိုပါ ထိခိုက်ပျက်စီးစေနိုင်သည်။

ဖက်ဒရယ်စီးပွားရေးစနစ် Fiscal Federalism၏အဓိကအချက်မှာ ပြည်နယ်အစိုးရတစ်ခုသည် မိမိပြည်နယ်လူထုကို ဝန်ဆောင်မှုပေးရန် မိမိအခွန်ငွေကိုသုံးရမည်။ "Local Governments Finance Their Own Services" ထို့ကြောင့် ဝန်ဆောင်မှုကောင်းကောင်းရချင်လျှင် အခွန်ကောင်းကောင်းပေးရမည်။ အခွန်ထမ်းဆောင်မှုနည်းလျှင် ဝန်ဆောင်မှု(ကျန်းမာ၊ ပညာ၊ လူမှုလုပ်ငန်းများ)ကျဆင်းမည်။ ဗဟိုနှင့် SNG အစိုးရတို့ အစိုးရချင်းဆက် သွယ်မှုကောင်းမွန်ပြီး ငွေကြေးလုံလောက်စွာပံ့ပိုးပေးနိုင်လျှင် လူထုအပေါ် ဝန်ဆောင်မှုအဆင့်မြင့်လာမည်ဖြစ်ပါသည်။

SNG အစိုးရတို့လုပ်ပိုင်ခွင့်အာဏာ Authority ပိုယူလာလေတာဝန်ယူ၊ တာဝန်ခံမှုပိုမိုလေဖြစ်ပါသည်။ တစ်ခါတစ်ရံပြည်နယ်အစိုးရတို့တွင် တာဝန်ယူ၊ တာဝန်ခံမှုပိုလာသော်လည်း လုပ်ပိုင်ခွင့်မရှိဖြစ်တတ်ပါသည်။ ထို့ကြောင့် Authorityနှင့် Responsibilityတို့တစ်ပြိုင်နက်တန်းတူရှိဖို့လိုပါသည်။

**တရုတ်ပြည်၏ဖက်ဒရယ်မူဗဟိုဖြေလျှော့ခြင်းပုံစံတစ်မျိုး**

လူထုကဝန်ဆောင်မှုလုပ်ငန်းများ(ကျန်းမာရေး၊ ပညာရေး၊ လျှပ်စစ်၊ လမ်း၊ ရေ)တို့ပိုမိုရရှိရန် တောင်းဆိုလာပြီး ဗဟိုမှခွင့်ပြုသောအခွန်ငွေကနည်းနေသောအခါ တရုတ်ပြည်၏ SNG (အစိုးရငယ်)တို့က အခွန်အစားအခ Fees များကို အပူတပြင်းကောက်ခံလျက် ဘတ်ဂျက်လိုငွေကိုဖြည့်ခဲ့ကြသည်။ ယနေ့အချိန်တွင် SNG တို့၏ ဘတ်ဂျက်ပြင်ပအခွန်ငွေရှာခြင်း Extrabudgetary Resources သည် ပြည်နယ်အစိုးရ SNG တို့၏ ဘတ်ဂျက် ၅၀ရာခိုင်နှုန်းအထိရှိလာခဲ့သည်။ ၁၉၉၉တွင် တရုတ်ပြည်ရှန်ဇီ ပြည်နယ်တွင် နှစ်စဉ်အခ(ကားရပ်ခ၊ အမှိုက်သိမ်းခ၊ ယာဉ်မောင်းလိုင်စင်ခ)မှရငွေက အခွန်မှရငွေထက် ဆယ်ဆခန့်ပိုမိုနေခဲ့သည်။ Fees အခနှင့် အခွန်အချိုးသည် ၁၃ အထိရောက်ခဲ့သည်။ ဘတ်ဂျက်ပြဿနာကို "ပြည်နယ်တွင်းမှာအဖြေရှာ" ဟုလမ်းညွှန်မှုဖြင့် ပြည်နယ်အစိုးရတို့က အမျိုးမျိုးသောအခ Fees များကောက်လာကြသည်။

ဤသို့ဘတ်ဂျက်ပြင်ပ အခွန်ငွေရှာမှုကို နောက်ပိုင်းတွင် ဗဟိုအစိုးရက ထိန်းချုပ်လာသော်လည်း ပြည်နယ်အစိုးရတော်တော်များများက သဘောကျသဖြင့် ဗဟိုအစိုးရက လိုက်လျောခဲ့ရသည်။ သို့ရာတွင် အလွဲ သုံးမှုများလည်း အလွန်များပြားလာသည်။

**ဖက်ဒရယ်ဝါဒသို့အမှတ်မထင်ပြောင်းခြင်း**

တရုတ်ပြည်၏ဈေးကွက်စီးပွားရေးမူပြောင်းသော ၁၉၈၀တစ်ဝိုက် တွင် ပြည်နယ်အစိုးရ SNG တို့၏ လူထုဝန်ဆောင်မှုအသုံးစရိတ်မှာ ၄၅ ရာခိုင်နှုန်းမှ ယနေ့အချိန်၇၀ရာခိုင်နှုန်းအထိရှိလာခဲ့သည်။

ထိုအချိန်တွင် တရုတ်ပြည်၏ ဗဟိုအစိုးရသည် ကာကွယ်ရေး၊ စီးပွားရေးဖွံ့ဖြိုးရေး၊ တရားစီရင်ရေးတို့ကိုဦးစားပေးနေသဖြင့် ဗဟိုအစိုးရကအခြားဝန်ကြီးဌာနများဖြစ်သော ကျန်းမာရေး၊ လူမှုဖူလုံရေး၊ မြို့ပြအိမ်ရာကိစ္စ၊ မြို့ပြလျှပ်စစ်နှင့်ရေ မိလ္လာကိစ္စတို့ကို SNG ထံ လွှဲထားခဲ့သည်။ ဗဟိုအစိုးရ၏အဓိကအသုံးစရိတ်သည် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ State Owned Enterprises တို့တွင် ရင်းနှီးမြှုပ်နှံထားသည်။ ဗဟိုအစိုးရသည် နိုင်ငံခြားဈေးဈေးကွက်စီးပွားပြောင်းလဲရေး ကာကွယ်ရေးတို့တွင် အာရုံစိုက်နေသဖြင့် ပြည်နယ်အစိုးရတို့ ပိုမိုလွတ်လပ်လာသည်။ တစ်ပါတီကွန်မြူနစ်စနစ်ဖြစ်သော်လည်း ဗဟိုညွှန်ကြားချက်ကို မစောင့်တော့ဘဲ "ပြည်နယ်အတွင်းမှာအဖြေရှာ"ရင်း ဖက်ဒရယ်မူဗဟိုချုပ်ကိုင်မှုဖြေလျှော့ခြင်းများကို သေချာလုပ်ကိုင်ရင်း SNG တို့ Autonomy ခေါ် မိမိကိုယ်တိုင်ရှာဖွေလုပ်ကိုင်သော အစဉ်အလာဖြစ်လာခဲ့သည်။

ပြည်နယ်အစိုးရကို တာဝန်ယူမှု တာဝန်ခံမှု Accountability ပိုမိုရရှိစေရန်မိမိဒေသတွင်းရှိ အရင်းအမြစ်များကို သုံးခွင့်ပြုခြင်းနှင့် တာဝန်ပေးအပ်ခြင်း Assignment ရှိလျှင် SNGအစိုးရတို့တိုးတက်ကောင်းမွန်လာနိုင်ပါသည်။

လူထုကို ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဘဏ္ဍာငွေသုံးစွဲခြင်းကို စီမံခြင်းသည်လွယ်ကူသော အလုပ်မဟုတ်ပါပေ။ မှန်ကန်သောအစိုးရယန္တရားရှိပြီး ဝန်ထမ်းများကိုလည်း မက်လုံးပေးအလုပ်လုပ်ချင်လာအောင် စွမ်းဆောင်နိုင်ရပါသည်။ အာရှနိုင်ငံများအနေဖြင့် ၁၉၉၀တစ်ဝိုက်မှ စတင်ပြီးဖက်ဒရယ်မူဗဟိုချုပ်ကိုင်မှုဖြေလျှော့ခြင်းဖြစ်သဖြင့် အတွေ့အကြုံနုနေပါသေးသည်။ ထို့ကြောင့် အာရှနိုင်ငံတိုင်း၏ SNG တို့ ၏ဖွဲ့စည်းပုံယန္တရားလည်ပတ်ပုံမှာ အထိုင်မကျသေးပါ။ စီမံကိန်းဌာနနှင့် ငွေကြေးသုံးစွဲရေးကဏ္ဍတို့ပင် တစ်ခါတစ်ရံ ဆက်သွယ်မှုမရှိ၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ဘာလုပ်နေကြမှန်းမသိဖြစ်နေတတ်ပါသည်။ ဘတ်ဂျက်ရေးဆွဲရေး မှာလည်း နှောင့်နှေးနေတတ်ပြီး တစ်စုတစ်စည်းထဲမရှိ တစ်ဌာနတစ်မျိုး ဖြစ်နေတတ်ပါသည်။

ထူထောင်ခါစ အခက်အခဲတိုင်းနှစ်ကြာလာရင် ပြေလည်သွားမည်တော့မဟုတ်ပါ။ တစ်နိုင်ငံနှင့်တစ်နိုင်ငံအခြေအနေမတူသဖြင့် မိမိအစိုးရအတွက်အဖြေမိမိကိုယ်တိုင်ရှာရပါမည်။ လုပ်ရင်းသင် You Learn by Doing ဖြစ်သဖြင့် အမှားများ၊ ကြန့်ကြာမှုများအလွန်များပြားနေတတ် ပါသည်။ စိတ်ရှည်ရှည်ထားဖို့တော့လိုပါသည်။ မည်သို့ဆိုစေ SNG အစိုးရများ၏ အသုံးစီမံခန့်ခွဲမှု Expenditure Management ကြောင့် ကောင်းကျိုးခံ . . . .

စာမျက်နှာ (၂၀) သို့

www.free4readers.com



# ၉၅ ပြတင်းတံခါးအဖွင့် ခန်းဆီးအဖွင့်

## ရင် ကို လာ ငြိ သော ကာ ရန် များ

**ကိုနိုင်း**

ငါတို့ဟာ ခိုတွေတော့ မဟုတ်ပါဘူး၊
မပြည့်ဝမှုတွေ ကြီးထွားစုပုံနေတဲ့
ဒေါသပုပ်ကုန်တွေကို
ဟိုးအဝေးကို တင်လွှတ်လိုက်တဲ့ ရထားကလည်း
တစ်ခုခုများ မှားနေရော့သလား
ဒီဘူတာပြန်ပြန်ဆိုက်နေတာကလည်း ခက်ပါ့၊
အိပ်မက်ဖြူလေးတွေ သယ်ဆောင်လာနေတဲ့
လေညင်းကလေးကလည်း 'ဒါလီ' ရဲ့ 'နာရီများ'
ပန်းချီကားမှာ
ငြိတွယ်နေမှတော့ အယဉ်တွေ အရိုင်းဖြစ်တာ
ဆန်းတော့လည်းမဆန်းပါဘူး၊
ဂေါက်ကွင်းထဲက မြက်တွေလောက်တောင်မှ
စိမ်းလန်းစိုပြည်ခွင့် မရရှာတဲ့ အရိပ်ရပင်တွေကလည်း
ခုချိန်မှာတော့ အရွက်မဲ့၊ အရိုးနဲ့အပြိုင်းပြိုင်း၊
လေဖြတ်ခံနေကြတဲ့ ဘဝတွေကတော့
အင်တာနေရှင်နယ်သီချင်းကို ဆိုခိုင်းကြည့်ပါလား
စာသားတွေ ဗလုံးဗထွေး ဖြစ်နေတာကလွဲရင်
ငါပြောရဲတယ် သံစဉ်တွေကတော့ တက်ကြွစွာ
ညီလို့နေမှာပါ၊

သောကတွေများနေတဲ့ဒီခေတ်ကြီးမှာ ခိုတွေမဟုတ်ပေမယ့်အားလုံးခိုတွေထက်ပိုပြီးညည်းညူနေကြရတာပါပဲ။ဒုက္ခဆိုတဲ့အခန်းထဲမှာပိတ်လှောင်ခံနေရတဲ့အတိုင်းဘဝတွေနာကြင်စွာခံစားနေရတာကိုလည်း ခတ်ပြားကိုထပ်ထပ်ဖွင့်နေရတာပါပဲ။ကဗျာဆရာရဲ့ ကဗျာကိုဖတ်ပြီး ဟိုးအရင်ကအခန်းထဲမှာပိတ်လှောင်ခဲ့ရတဲ့ နေ့တွေ၊ညတွေကိုပြန်အမှတ်ရလိုက်မိပါတယ်။ နာရီတွေရှည်မျောမျောနဲ့ ပိုပြီးကြာခဲ့တဲ့အချိန်တွေပေါ့။ အပြင်နဲ့အထဲကလူများကလည်း ထူးမခြားနားပါပဲ။ ခေတ်ကြီးကိုက ပိတ်လှောင်နေတဲ့အခန်းတစ်ခုလိုဖြစ်နေခဲ့တာလေ။ ဒါပေမယ့် စိတ်ဓာတ်တွေကတော့အင်တာနေရှင်နယ်သီချင်းကိုဆိုလို့ပေါ့။ ဘယ်အခါဆိုဆို၊ ဘယ်ဘဝရောက်ရောက်သီချင်းသံတွေ အသံမမှန်ပေမယ့် တက်ကြွတဲ့အသံတွေပေါ်ထွက်လာမြဲပါ။ သီချင်းဆိုသံတွေညီနေကြမှာပါ။ ကဗျာဆရာရဲ့ ခံစားချက်ဟာ ရင်ကိုလာငြိတဲ့အကြောင်းတွေကလည်း ထပ်တူခံစားရတဲ့အချိန်မှာ နက်နက် ရှိုင်းရှိုင်းခံစားလိုက်ရတာပါပဲ။

ခေတ်ပေါ်ကဗျာတွေမှာလည်း ကာရန်တွေအနေနဲ့ကပ်ငြိပြီးစီးဆင်းလာပါတယ်။ လွတ်လပ်ကာရန်တွေက လှပစွာကူးခပ်ပြီး လှိုင်းတွေအဖြစ်နဲ့ ဘယ်ဘက်ရင်ဘတ်ကမ်းစပ်ဆီကိုရိုက်ခတ်လာကြတဲ့အခါကြည်နူးမှုတွေကို လက်ခံလိုက်ရတာပါပဲ။ တစ်ခါတစ်ရံမှာတော့ကာရန်တွေအ စားအသုံတွေပါ ပါလာတတ်ကြပါတယ်။ ခေတ်ပေါ်ကဗျာဟာပင်လယ်ကြီးလိုကျယ်ပြောပါတယ်။ နက်ရှိုင်းတဲ့အခါလည်းနက်ရှိုင်းပါတယ်။ မြစ်တစ်မြစ်လိုမာယာလည်း များတတ်ပါတယ်။ တစ်ခါတစ်ရံ ချောင်းလေးလို ကျဉ်းမြောင်းပေမယ့်အကွေ့အကောက်တွေလည်းတွေ့ရတတ်ပါတယ်။

ဘာပဲဖြစ်ဖြစ် ရင်ခုန်ကြည်နူးစရာအနုပညာတစ်ခုပါပဲ။ခေတ်ပေါ်ကဗျာရဲ့တိုးတက်ဖွံ့ဖြိုးလာမှုဟာ အခုအချိန်မှာလျှင်မြန်လာပါတယ်။ ခေတ်ပေါ်ကဗျာရဲ့ပင်မရေစီးဟာတစ်ခေတ်ပြီးတစ်ခေတ်ကိုအရှိန်ကောင်းကောင်းနဲ့ဖြတ်ကျော်လာနိုင်ခဲ့ပါတယ်။ ဒီနေ့မှာတော့ပုံသဏ္ဌာန်မျိုးစုံ၊အကြောင်းအရာများပြားစွာကိုရေးဖွဲ့နေကြပါပြီ။ ပုံနှိပ်မဂ္ဂဇင်းတွေနည်းပါးသွားပြီဆိုပေမယ့် အွန်လိုင်းကဗျာတွေပေါ်ပေါက်လာတဲ့အချိန်မှာ သိသိသာသာခေတ်ပေါ်ကဗျာတွေကို အလေးထားရေးနေတာကိုတွေ့မြင်ရပါတယ်။ ဒါပေမယ့်အွန်လိုင်းပေါ်က ခေတ်ပေါ်ကဗျာတွေအများစုဟာ ပေါ့ပြုလာဖြစ်ချင်ကြလို့ ရေးနေကြတာကိုလည်းတွေ့နေရပါတယ်။ဒီလိုခေတ်ပေါ်ကဗျာရေးဟန်နဲ့ လိုက်ရေးနေသူများကတော့ဂန္ထဝင်ကာ ရန်စနစ်ကိုမလေ့လာဘဲနဲ့ ခေတ်ပေါ်ကဗျာတွေရေးနေတာကိုလည်းတွေ့နေရပါတယ်။ အမှန်တကယ်တော့ဂန္ထဝင်ကာရန်ကဗျာတွေကခေတ်ပေါ် ကဗျာဖြစ်ပေါ်တိုးတက်မှုကိုအတိုင်း အတာတစ်ခုအထိပံ့ပိုးခဲ့ပါတယ်။ခေတ်ပေါ်ကဗျာရဲ့စကားလုံးကျစ်လျစ်အောင်သုံးစွဲမှုတွေဟာဂန္ထဝင်ကာရန် တွေဆီက နည်းယူလာတာပါ။ စကားလုံးလှပမှုတွေဟာလည်း ဒီလိုပါပဲ။

ဒါကို <u>နိုဝင်ဘာလ၊ ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းထဲကကဗျာဆရာလင်းမိုးစွေရဲ့ နွေကျောင်းကဗျာ</u>မှာတွေ့လိုက်ရပါတယ်။ ကဗျာဆရာလင်းမိုးစွေကတော့ မကြာခင်က ကြွေလွင့်သွားတဲ့ခေတ်ပေါ်ကဗျာကောင်းကင်ပေါ်ကကြယ်တစ်ပွင့်ပါ။သူ့ကဗျာကိုဖတ်လိုက်ရတော့လွမ်းမိလိုက်ပါတယ်။

သစ်ရွက်ကြွေတာကို ထည့်မရေးတော့ဘူးဆိုကာမှ
လေရူးက အငေါ့တူးတယ်၊
နွားကျောင်းသားလေးက ပလွေ
မမှုတ်တော့ဘူး
ကြာဖြူသီချင်းနဲ့ ဖုန်းထဲမှာ မိုးမိ
နေတယ်၊
နှင်းလား
မြူလား
အချိန်တန်တော့ကွဲသွားတာပဲ၊
ညောင်ရမ်းခေတ် တစ်ခေတ်လုံး
ငေးကြည့်ရတဲ့ကဗျာတစ်ပုဒ်
ထန်းပင်ပေါ်တက်သွား
ပြန်ဆင်းလာတော့ စကားလုံးတွေ ပုစွန်ဆိတ်ခုန်နေပြီ၊
ဥဩတွန်သံ မကြားရသေးဘူး
ဥဩဆွဲသံက အချိန်မရွေးကြားနိုင်တယ်၊
လက်ပံပွင့်ပြီ
စကား စကာရှိသေး
ယပ်တောင်လေး ခါးကြားထိုးရင်း
နွေအကြောင်း တစ်နွေလုံး ပြောမပြီးတော့ဘူး
နားတွေကိုပူလို့၊

ဒီကဗျာက ဂန္ထဝင်ကာရန်ကဗျာခေတ်နဲ့ ခေတ်ပေါ်ကဗျာကိုခေတ်ရဲ့ကွဲပြားမှုကိုရေးလိုက်တာလို့ ခံစားလိုက်မိပါတယ်။ ဂန္ထဝင်ကာရန်ကဗျာ ခေတ်မှာလည်းအင်မတန်လှတဲ့အရေးအဖွဲ့တွေရှိခဲ့ပါတယ်။ ဆရာကြီးမင်းသုဝဏ်တို့ဂန္ထဝင်ကဗျာတွေ၊ ဆရာကြီးဇော်ဂျီရဲ့ကဗျာတွေဟာဂန္ထဝင်ကဗျာတွေပါ။ ရှေးခေတ်မှာလည်းပြည်သူတွေဘက်ကခံစားပြီးဖွဲ့တဲ့ဂန္ထဝင် ကဗျာတွေရှိခဲ့ကြပါတယ်။ဘုန်းတော်ဖွဲ့၊ မယ်တော်ဖွဲ့ကဗျာတွေကတော့ပိုများပါတယ်။ နောက်ပိုင်းမှာ ဂန္ထဝင်ကာရန်ကဗျာတွေကို မဆလတစ်ပါတီအာဏာရှင်ကကျူးထည့်ရိုက်သွင်းတာခံလိုက်ရပြီး ဂန္ထဝင်ကာရန်ဖွဲ့ ကဗျာတွေဟာပေါ်လစီကဗျာတွေဖြစ်ကုန်ကြရတယ်။ကာရန်ကဗျာတွေ ရဲ့အလှကိုကဗျာထဲမှာထည့်ရေးဖို့ပြင်တဲ့အချိန်မှာ ခေတ်ပေါ်ကဗျာ လို့ခေါ်ကြတဲ့မော်ဒန်အတွေးကပေါ်လစီကဗျာတွေကြောင့်နှောင့်ယှက် လိုက်သလိုဖြစ်တဲ့အကြောင်းကို "သစ်ရွက်ကြွေတာကိုထည့်မရေးတော့ ဘူးဆိုကာမှ၊ လေရူးက အငေါ့ တူးတယ်။ နွားကျောင်းသားလေးကပလွေမမှုတ်တော့ဘူး၊ ကြာဖြူသီချင်းနဲ့ဖုန်းထဲမှာမိုးမိနေတယ်" ဆိုပြီးဖွဲ့ပြသွားပါတယ်။ ဂန္ထဝင်ကာရန်ကဗျာတွေကိုမရေးတော့တာကိုလည်းနွား ကျောင်းသားလေးကပလွေမမှုတ်တော့ဘူးဆိုတာနဲ့ခိုင်း နှိုင်းပြသွား ပါတယ်။ခေတ်မီတိုးတက်လာတဲ့ခေတ်မှာဖုန်းတစ်လုံးရှိရင် အရာရာပြည့်စုံ လုနီးပါးဖြစ်နေပါတော့တယ်။အလှဆုံးခွဲခြားရေးဖွဲ့မှုကတော့ "ညောင်ရမ်း ခေတ်တစ်ခေတ်လုံး ငေးကြည့်ရတဲ့ကဗျာတစ်ပုဒ်၊ ထန်းပင်ပေါ်တက်သွားပြန်ဆင်းလာတော့စကားလုံးတွေပုစွန်ဆိတ်ခုန်နေပြီ "ဆိုတဲ့ရေးဖွဲ့ပြသွားတာပါပဲ။ အခုခေတ်မှာ ခေတ်ပေါ်ကဗျာယောင်ဆောင်နေတဲ့ ကဗျာတွေအတော်များများတွေ့နေရပါတယ်။ပြောမယ်ဆိုရင်ထန်းပင်ပေါ်က ထန်းကျရည်လိုပုစွန်ဆိတ်ခုန်နေသလိုကာရန်တွေခုန်ပေါက်နေတဲ့ ခေတ်ပေါ်ကဗျာတွေပါပဲ။ ကာရန်ဖွဲ့ကဗျာတွေကို ကဗျာဆရာလင်းမိုးစွေ လွမ်းနေတဲ့ပုံရပါတယ်။အဲဒီလိုပဲ ညီငယ်ကဗျာဆရာလင်းမိုးစွေကိုလည်း လွမ်းမိတဲ့အကြောင်းမှတ်တမ်းရေးလိုက်ပါတယ်။

နောက်ရင်ကိုလာငြိတဲ့ခေတ်ပေါ်ကဗျာတစ်ပုဒ်ကတော့ <u>နိုဝင်ဘာလ၊ ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းထဲက ကဗျာဆရာသန်းဆွေမိုး(ကလော)ရဲ့ သံပြိုင်သီချင်းဆိုကြရအောင် ဆိုတဲ့ကဗျာပါပဲ</u>။

အပ်ကြောင်းတွေ
ထပ်နေမှန်းတော့ သိပါရဲ့
ပရိဒေဝမီးတွေ လောင်ကျွမ်းပြီး
သောကမီးခိုးတွေ အူနေတဲ့အခန်းထဲမှာ
ပိတ်မိနေတာ ကြာတော့လည်း
နည်းနည်းလေးမှ သက်သာလိုသက်သာငြား
ဒီဓာတ်ပြားကိုပဲ ပြန်ပြန်ဖွင့်မိနေတာပေါ့

ဒါကိုတိုက်ဆိုင်မှုတစ်ခုလို့ပြောနိုင် ထင်နိုင်ပါတယ်။ တိုက်ဆိုင်မှုတွေဟာလည်းအကျိုးအကြောင်းပေါ်မှာ မူတည်ဖြစ်လာတာပါပဲ။ ဒါကို <u>နိုဝင်ဘာလ၊ မဟေသီမဂ္ဂဇင်းထဲက ကဗျာဆရာမြတ်မင်းအိမ်ရဲ့ ကဖေးရေတမာကဗျာ</u>ကို ဖတ်မိလိုက်ရင်သိနိုင်ပါတယ်။

ကျွန်တော့်ရယ်သံဟာ
ဘယ်သူ့ဟန်ပါဆိုပြီး လက်ညှိုးထိုးလိမ့်မယ်
ပြဿနာတော့မဟုတ်ပါဘူး
ကက်စ်ထရိုနာရီနှစ်လုံးပတ်တာလည်း
အကျိုးနဲ့အကြောင်းအတွက်
ဈေးသည်ချိန်ခွင်ကိုကိုင်တာလည်း
အတိုးအလျှော့အတွက်။
ပဋိပက္ခများဟာဝင်ရိုးစွန်းအတိုင်း
ပွင့်အားကောင်းနေသလို
ယုံကြည်မှုဟာလည်း ပါးပြင်ကသနပ်ခါးလေးပေါ်
ရှုံးအားကောင်းနေဆဲ
ဒီအကြောလေးကိုပဲဆုပ်ကိုင်
ဒီအကြောလေးနဲ့ပဲချည်နှောင်
ကိုယ့်သွေးနဲ့ကိုယ့်နားထင်
ဒီအကြောလေးတစ်ချောင်းပေါ်အဲသလိုစုံလုံးကန်းခဲ့ပါတယ်။

ကဖေးရေတမာတဲ့၊ခေါင်းစဉ်နဲ့ကဗျာလွဲနေတယ်ထင်ရင်လည်း ထင်နိုင်ပါတယ်။ ကဗျာဆရာအတွက်ကျိုးကြောင်းညီညွတ်မှုတစ်ခုရှိနေပါလိမ့်မယ်။ "ကျွန်တော့်ရယ်သံဟာ၊ဘယ်သူ့ဟန်ပါဆိုပြီးလက်ညှိုးထိုးလိမ့်မယ်၊ပြဿနာတော့မဟုတ်ပါဘူး"ဆိုပြီးကဗျာထဲမှာပြောထားသလိုပါပဲ။ကက်စ်ထရိုလို နာရီနှစ်လုံးပတ်တာလည်း သူ့အကျိုးအကြောင်းနဲ့သူ ဖြစ်နေပါလိမ့်မယ်။ ဈေးသည်ချိန်ခွင်ကိုင်တာလည်း သူ့အကျိုးအကြောင်းနဲ့သူဖြစ်နေပါလိမ့်မယ်။လောကကြီးမှာလည်း သူ့အကျိုးအကြောင်းနဲ့သူရပ်တည်နေကြတာပါ။ ဒီအကျိုးအကြောင်းကို ပြုသူနဲ့ ကြည့်သူတွေကတော့ နှစ်ဖက်မြင်ကြမှာပါ။ဒီအခါမှာ ဒီအကျိုးအကြောင်းဟာတရားသည် မတရားသည်ဆိုတာတွေဖြစ်ပေါ်နေပါတယ်။ ကိုယ့်နားထင်နဲ့ကိုယ် အထင်ရောက်နိုင်တဲ့ ခေတ်ကြီးထဲကိုတွန်းပို့ခံနေရပါတယ်။ ဒါကလည်းအကျိုးအကြောင်းတွေ ညီညွတ်မှုဖြစ်ပေါ်လာတာပါ။

အကျိုးအကြောင်းတွေငြင်းခုံနေမယ်ဆိုရင် <u>"ဆပ်ပြာခွက်ထဲပိတ်မိနေတဲ့ကြေးသြော်များ"ဆိုတဲ့ ကဗျာလိုဖြစ်နေပါလိမ့်မယ်။ ဒီကဗျာကိုလည်း နိုဝင်ဘာလ၊ မဟေသီ မဂ္ဂဇင်းထဲမှာ</u> ဖတ်မိရင်းရင်ကိုငြိသွားစေပါတယ်။ <u>ဒီကဗျာကိုကဗျာ ဆရာအောင်သန့်က</u> ရေးဖွဲ့ထားတာပါ။

ငါ-
ရေချိုးလိုက်တဲ့အခါ
အပိုင်းပိုင်းကျိုးနေတဲ့စိတ်တွေ
အအေးပတ်ကုန်တယ်၊
ကိုယ့်ဝင်းကိုယ့်ခြံလေးကို လုံခြုံစေချင်ကြတော့
ဝင်းထရံလေးကာကြတယ်
အုတ်တံတိုင်းလေးခတ်ကြတယ်
သံဆူးလိပ်လေးတပ်ကြတယ်၊
အိပ်ရာပေါ်ကစိတ်ကလေးလည်း
လိပ်ပြာလုံခြုံကြပါစေ၊

ကဗျာလေးကရင်ထဲကို အတွေးများစွာရောက်လာစေပါတယ်။ လူတွေအနေနဲ့လည်းမိမိတို့နေထိုင်မှုနဲ့အတူမိမိတို့ဘဝလုံခြုံချင်ကြတာ ပါပဲ။ မိမိတို့လုပ်ဆောင်ခဲ့တဲ့လုပ်ရပ်တွေကို ဝေဖန်ကြတာကိုလည်းလုံခြုံအောင်ကာကွယ်နေချင်ကြပါတယ်။ဒါပေမယ့်မိမိတို့လုပ်ဆောင်မှုကိုမိမိတို့ကိုယ်တိုင်အမှားအမှန်ကိုသိနေကြမှာပါ။ အမှန်ကိုဖော်ပြတာပြဿနာမရှိပေမယ့်၊အမှားကိုလုံခြုံအောင်ဖုံးကွယ်နိုင်သမျှဖုံးကွယ်နေတတ်ပါတယ်။ မကြာခင်တော့ပေါ်မှာကိုတွေးပြီးအိပ်ရာပေါ်မှာစိတ်ကလိပ်ပြာမလုံနိုင်ပါဘူး။ ဒီအမှားလုပ်ရပ်ကပြုမူသူရဲ့စိတ်ကိုခြောက်လှန့်နေပါလိမ့်မယ်။ အကြောက်တရားဟာလည်း မလုံခြုံတဲ့လိပ်ပြာကြောင့်ဖြစ်ပေါ်လာတာပါ။ ဒါဆိုရင် အကျိုးအကြောင်းတွေရဲ့လောကကြီးမှာ လိပ်ပြာလုံခြုံနိုင် အောင်နေထိုင်နိုင်ဖို့အမိကလိုအပ်နေပါတယ်။ လိပ်ပြာလုံခြုံအောင်အိပ်နိုင်ကြပါစေ။

ကိုနိုင်း

ခံစားသုံးသပ်မိသောကဗျာများ

၁။လင်းမိုးစွေ(နွေကျောင်း)၊ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၊ နိုဝင်ဘာလ၊ ၂၀၁၇။

၂။သန်းဆွေမိုး(ကလော)၊(သံပြိုင်သီချင်းဆိုကြရအောင်)၊ ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၊ နိုဝင်ဘာလ၊ ၂၀၁၇။

၃။မြတ်မင်းအိမ်(ကဖေးရေတမာ)၊ မဟေသီမဂ္ဂဇင်း၊ နိုဝင်ဘာလ၊ ၂၀၁၇။

၄။အောင်သန့်(ဆပ်ပြာခွက်ထဲပိတ်မိနေတဲ့ကြေးသြော်များ)၊မဟေသီမဂ္ဂဇင်း၊ ၂၀၁၇။

ကိုနိုင်း

www.free4readers.com

စနေနေ့တိုင်းထုတ်ဝေသည်
မိုးဟိန်း(သူရိယနေဝန်း)
# သူရိယနေဝန်း
# THE SUN RAYS
Vol.1 No.173 WEEKLY NEWS JOURNAL 11th November 2017

# အာဏာအတွက်အမေကိုသတ်တဲ့ အဇာတသတ်
# ဗုဒ္ဓကြောင့်သာသနာတော်မင်းဖြစ်သွားတဲ့ အဇာတသတ်




၂၀၁၄ခုနှစ် ဒီဇင်ဘာလ (၃၀)ရက်နေ့က အီရန်နိုင်ငံ တီဟီရန်မြို့တွင်ကျင်းပခဲ့သော ဘာသာရေးအစည်းအဝေး၌ မိန့်ခွန်းမြွက်ကြားနေသော သီတဂူဆရာတော်ဘုရားကြီး။

www.free4readers.com

# သတ္တဗေဟာက်တို့သည် မိခင်မြေအဝေး၌နိဂုံးချုပ်ရ၏

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ်မောင်တောဒေသကိုသွားရောက် ၂-၁၁-၂၀၁၇



ကျောက်ဖြူစီးပွားရေးဇုန်ကို ဒု-သမ္မတဦးဟင်နရီဗန်ထီးယူ စစ်ဆေး ၄-၁၁-၂၀၁၇



ဘဘဦးတင်ဦးထံသို့ ဦးဝင်းထိန်မှ သွားရောက်အားပေး ၄-၁၁-၂၀၁၇



ဇင်ဘာဘွေသမ္မတရောဘတ်မူဂါဘီမှ ဒု-သမ္မတကို အချိန်မရွေးဖြုတ်ချနိုင်ကြောင်းပြောကြား ၅-၁၁-၂၀၁၇



နိုင်ငံရေးပါတီများ၏ထုတ်ပြန်ကြေညာချက်များကို ရွေးကောက်ပွဲကော်မရှင်ထံ တင်ပြရမည် ၄-၁၁-၂၀၁၇



အာလီနီးသည် အောင်လအန်ဆန်း၏ဝပါးအုံးမြေ ခံတွင်းအတွင်းအလျင်အမြန်ကျရောက်သွားသဖြင့် ရှုံးနိမ့်ခဲ့ရကြောင်းဘီဘီစီနှင့်အင်တာဗျူး ၄-၁၁-၂၀၁၇



ယီမင်မှ ဟူသီသူပုန်တို့ပစ်လိုက်သည့်ဒုံးကျည်ကို ဆော်ဒီနိုင်ငံမှ ကြားဖြတ်ပစ်ချဖျက်ဆီးနိုင်ခဲ့ ၅-၁၁-၂၀၁၇



မြစ်ခရိုင်အတွင်းတောင်ကျချောင်းရေကိုသောက်မိသော လမ်းအလုပ်သမား (၁၄) ဦးအဆိပ်သင့်မှုဖြစ်ပွား ၅-၁၁-၂၀၁၇



ဆီးရီးယားနိုင်ငံထဲတွင်ကျန်ရှိနေသေးသော ISများကို ရုရှား စစ်တပ်မှ လေကြောင်းနှင့်မြေပြင် ပူးပေါင်းစစ်ဆင်မှု အကြီးအကျယ်ပြုလုပ်တိုက်ခိုက်နေ ၄-၁၁-၂၀၁၇




ရောဝတီတိုင်း ဘိုကလေးမြို့နယ်တွင် မိကျောင်း ကိုက်ခံရ၍ အမျိုးသမီးတစ်ဦးသေဆုံး ၅-၁၁-၂၀၁၇



ကျောက်ဖြူမြို့တွင် မီးလောင်ကျွမ်းမှုကြောင့် အဆောက်အဦ (၂၇) လုံးပျက်စီးဆုံးရှုံး ၅-၁၁-၂၀၁၇



စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် မြစ်ပေါက်ကျေးရွာ၌ မိခင်အရင်းမှ ရက်သားအရွယ်ကလေးငယ်အား အဝေးကျော်ပြီး သူမကိုယ်တိုင် အမှုမှင့်ခဲ့သည်ဖြစ်ရပ်မှန် ပေါ်ပေါက်သွား ၄-၁၁-၂၀၁၇



www.free4readers.com

စနေနေ့တိုင်းထုတ်ဝေသည်

မိုးဟိန်း(သူရိယနေဝန်း)

# သူရိယနေဝန်း
# THE SUN RAYS

Vol.1 No.173 WEEKLY NEWS JOURNAL 11th November 2017

# ကမ္ဘာကိုကိုင်လှုပ်သောကျော်လူသားများ (၅)

မိုးဟိန်း (သူရိယနေဝန်း)



တောင်အာဖရိကခေါင်းဆောင် သမ္မတမင်ဒဲလားနှင့် ကျူးဘားတော်လှန်ရေးခေါင်းဆောင် သမ္မတ ဖီဒယ်ကက်စထရို။

(တော်လှန်ရေးဖြင့် အာဏာရှင်ဘာတစ္စတာကို ၁၉၅၉ ခုနှစ်၌ဖြုတ်ချနိုင်ခဲ့ပြီး ကက်စထရို ကျူးဘားခေါင်းဆောင်ဖြစ်လာသည့်အချိန်တွင် တောင်အာဖရိက၌ လူဖြူအစိုးရက မင်ဒဲလားအား နိုင်ငံတော်သစ္စာဖောက်မှုဖြင့် ထောင်ဒဏ်တစ်သက်တစ်ကျွန်းချမှတ်ခဲ့သည်။ ၂၇ နှစ်ကြာပြီးနောက် မင်ဒဲလား ထောင်မှလွတ်မြောက်လာပြီး ကမ္ဘာအနှံ့ခရီးစဉ်တွင် ကျူးဘားသို့ဝင်ရောက်လည်ပတ်ရာ မင်ဒဲလားနှင့် ကက်စထရိုတွေ့ဆုံခဲ့ကြပုံ။)

www.free4readers.com

# ကမ္ဘာကို ကိုင်လှုပ်သေ

မိုးဟိန်း (သုရိယ

### ရော်ဘင်ကျွန်းအကျဉ်းထောင်

မင်ဒဲလား ရော်ဘင်ကျွန်းအကျဉ်းထောင်တွင် ရောက်ရှိနေစဉ် ဆီလူလူနှင့်တကွ 'နိုင်ငံလုံ' အဖွဲ့ဝင်များလည်း ဆက်တိုက်ပင် ဖမ်းဆီးခံခဲ့ကြရသည်။ အိုလီဗာတမ်ဘိုသည် တောင်အာဖရိကအပြင်ဘက်၌ရှိနေသည့်အတွက် ကံကောင်းသွားပြီး လွတ်မြောက်သွားခဲ့သည်။

မင်ဒဲလားသည် ၁၉၆၃ခုနှစ် အောက်တိုဘာတွင် နောက်ထပ်တစ်ကြိမ်တရားစွဲခံရပြန်သည်။ ၁၉၆၁ မှ ၁၉၆၃ ခုနှစ်အတွင်း အဖျက်အမှောင့်လုပ်ငန်းနှင့် အမှုပေါင်း(၂၂၂)မှုဖြင့် တောင်အာဖရိကလူဖြူအစိုးရမှ စွဲချက်တင်ခဲ့သည်။ အစိုးရဘက်မှ အမြင့်ဆုံးပြစ်ဒဏ်ဖြစ်သည့် 'မသေမချင်းကြိုးဆွဲချသတ်ဖို့' တရားရုံးတွင် လျှောက်ထားခဲ့ပါသည်။

တရားခွင်တွင် တရားသူကြီးမှ ဆုံးဖြတ်ချက်ချမည့်နေ့တွင် မင်ဒဲလားအား ခုခံချေပခွင့်ပေးခဲ့သော်လည်း မင်ဒဲလားမှ အမှုအတွက် မည်သည့်ခုခံချေပမှုမျှ မလုပ်ခဲ့ဘဲ တောင်အာဖရိကလွတ်မြောက်ရေးအတွက် မိန့်ခွန်းကို တစ်နာရီနီးပါး ပြောကြားခဲ့သည်။

'တောင်အာဖရိကကို နေထိုင်သူပြည်သူအားလုံး ပိုင်ဆိုင်ပါသည်။ လူမည်းဖြစ်စေ၊ လူဖြူဖြစ်စေ လူတစ်စုက မပိုင်ဆိုင်ပါဘူး'။ 'ကျွန်တော်ဟာ တောင်အာဖရိကပြည်သူတွေအတွက် တိုက်ပွဲဝင်ဖို့ ကျွန်တော့်ဘဝတစ်ခုလုံးကို မြှုပ်နှံထားပါတယ်။' တရားသူကြီးနှင့် တရားရုံးတစ်ခုလုံးသည် မင်ဒဲလား၏မိန့်ခွန်းတွင် အညှို့ခံလိုက်ရသလို ဖြစ်သွားခဲ့သည်။ မိန့်ခွန်းအပြီးတွင် တရားသူကြီးမှ မင်ဒဲလား၊ ဆီလူလူနှင့် သူတို့အုပ်စုအား ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်လိုက်ပါသည်။

×××

ရော်ဘင်ကျွန်းအကျဉ်းထောင်ကို လွန်ခဲ့သည့်နှစ်ပေါင်း (၁၀၀)ကျော်ကတည်းက ဒတ်ချ်များက တည်ဆောက်ခဲ့ကြသည်။ ကျွန်းပတ်ပတ်လည်တစ်မိုင်အတွင်း မည်သည့်သင်္ဘောမျှ ဖြတ်သန်းသွားလာခွင့်မရှိ။ မင်ဒဲလားနေထိုင်ရသော တိုက်ခန်းသည် အလျား(၈)ပေ၊ အနံ(၇)ပေမျှသာရှိသည်။ ဝပ်(၄၀)အား မီးလုံးတစ်လုံးသာ (၂၄)နာရီစလုံး ထွန်းပေးထားသည်။ မင်ဒဲလားသည် သူ့တိုက်ခန်းထဲတွင် လမ်းလျှောက်သည့်အခါ ခြေလှမ်းသုံးလှမ်းမျှသာ လျှောက်လျှင် ဆုံးသွားသည်။ ခုတင်မရှိ၊ ဖျာတစ်ချပ်သာ ပေးထားသည်။ အလွန်ညံ့ဖျင်းသော ချည်စောင်သုံးထည်ပေးထားသည်။ အလေးအပေါ့သွားရန် သံပုံးတစ်ပုံးပေးထားသည်။ မင်ဒဲလားသည် မိသားစုထံသို့ ခြောက်လလျှင် တစ်ကြိမ်မျှသာ စာရေးခွင့်ရပြီး မိသားစုထံမှလည်းခြောက်လကြာမှသာ စာတစ်ကြိမ်ပို့ခွင့်ရသည်။ ထိုစာများတွင်လည်း ထောင်အာဏာပိုင်များက မလိုလားသည့်စာများကို ဖျက်ထားလေ့ရှိသည်။ မင်ဒဲလား၏မိခင်ကြီး ကွယ်လွန်သွားချိန်နှင့် မင်ဒဲလား၏သားအကြီးဆုံးတင်ဘီတို့ ကွယ်လွန်သွားချိန်တွင် မင်ဒဲလားမှာ အသုဘ ပို့ခွင့်မရခဲ့။

မင်ဒဲလားသည် မနက်(၅)နာရီခွဲတွင် နေ့တိုင်းအိပ်ရာမှ ထရသည်။ မိလ္လာသံပုံးရှင်းရသည်။ အလွန်အရသာမရှိသောဆန်ပြုတ်တစ်ခွက်သောက်ရသည်။ ပြီးလျှင် ကျောက်ထုတ်ကျောက်ခွဲ အလုပ်ကြမ်းစခန်းသို့ နေ့စဉ်သွား၍ အလုပ်လုပ်ရသည်။ ကျောက်ထုတ်ကျောက်ခွဲအလုပ်တွင် ခွဲ၍ရသော ကျောက်တုံးများကို ထရပ်ကားကြီးများပေါ်သို့ တင်ပေးရသည်။ ကြမ်းတမ်းလှသော အလုပ်ကြောင့် မင်ဒဲလား၏မျက်စိအမြင်အာရုံထိခိုက်သွားခဲ့သည်။

ရော်ဘင်ကျွန်းတွင် ပထမဆုံးဖြတ်သန်းရသော လေးနှစ်အတွင်းကာလသည် မင်ဒဲလားအတွက် အမှောင်မိုက်ဆုံးနေ့ရက်များ ဖြစ်သည်။ ထို့နောက် ထောင်ထဲတွင် မင်ဒဲလား အသက်(၄၅)နှစ်ပြည့်သည့်နှစ်တွင် ဥပဒေပညာရပ်ဘွဲ့ကို ထောင်ထဲမှအောင်မြင်ခဲ့သည်။ ထောင်ထဲတွင် မင်ဒဲလားအတွက် အားအထားရဆုံးသူမှာ ဆီလူလူပင် ဖြစ်သည်။ မင်ဒဲလားက ဆီလူလူနှင့်ပတ်သက်၍ ပြောခဲ့ရာတွင် 'ကျွန်တော်တို့ဟာ သေခြင်းတရားတောင်ကြားလွင်ပြင်မှာ တစ်ယောက်ဒဏ်ရာကိုတစ်ယောက် ကုစားပေးတယ်။ တစ်ယောက်ခြေလှမ်းမှားရင် တစ်ယောက်က တွဲခေါ်တယ်။ ဒီလိုနဲ့ ကျွန်တော်တို့ ဘေးချင်းယှဉ်ပြီး အတူလျှောက်လှမ်းခဲ့ကြတယ်'

မင်ဒဲလားသည် ရော်ဘင်ကျွန်း အကျဉ်းထောင်အတွင်းသို့ စာရွက်များ ခိုးသွင်းခဲ့သည်။ စာမျက်နှာ(၅၀၀)ရှိသော သူ၏အတ္ထုပ္ပတ္တိကို ထောင်ထဲတွင် ရေးသားပြီးစီးခဲ့သည်။ ရေးပြီးသားစာရွက်များကို ပလပ်စတစ်ဖြင့်ထုပ်သည်။ ပြီးလျှင် ကိုကိုးအမှုန့်သံဗူးအလွတ်ထဲတွင် ထည့်ပြီး မြေကြီးထဲ၌ မြှုပ်ပြီးဝှက်ထားသည်။ မင်ဒဲလား နေထိုင်မကောင်းဖြစ်၍ ကျောက်ထုတ်စခန်းသို့ အလုပ်မဆင်းနိုင်သည့်နေ့ရက်များတွင် အေးစက်စိုထိုင်းသည့် တိုက်ခန်းထဲတွင် နေခဲ့ရပြီး မိတ်ဆွေများနှင့်ကွဲကွာခဲ့ရသည်။ အလုပ်မဆင်းနိုင်သည့်နေ့များတွင် ထမင်းနှင့်ရေသာ ရရှိသည်။

### ဇာတိမြေစနစ်

၁၉၇၀တွင် တောင်အာဖရိကလူဖြူအစိုးရမှ လူမျိုးအရ ပြည်နယ်များ ခွဲခြားပစ်လိုက်သည်။ ၎င်းတို့၏ စီမံချက်ကို ဇာတိမြေစနစ်ဟု ကြေညာခဲ့သည်။ ထိုစနစ်ကြောင့် လူမည်းအားလုံးသည် တောင်အာဖရိကနိုင်ငံသားများအဖြစ် မဟုတ်ကြတော့ချေ။ လူမည်းအားလုံးသည် တောင်အာဖရိကတွင် အလုပ်လုပ်ရန်အတွက် အလုပ်ပါမစ်ဖြင့် ယာယီဝင်ထွက်သွားလာနေရသော သူများဘဝသို့ ကျရောက်သွားတော့သည်။ လူမည်းများသည် ၎င်းတို့မနေထိုင်လိုသော နေရာများသို့လည်း အတင်းအကျပ်ရွှေ့ပြောင်းခံရသည်။

### အိုလီဗာတမ်ဘို

မင်ဒဲလားအပါအဝင် ANC ခေါင်းဆောင်များအားလုံး ထောင်ထဲရောက်နေချိန်တွင် တမ်ဘိုမှာ ပြည်ပတွင် သူ၏လွတ်မြောက်နေမှုကိုအသုံးချပြီး မင်ဒဲလားနှင့် တောင်အာဖရိက လွတ်လပ်ရေးတိုက်ပွဲအတွင်း ကမ္ဘာလှည့်ပြီး လှုပ်ရှားဆောင်ရွက်နေသည်။ တမ်ဘိုသည် နိုင်ငံတကာမှအစိုးရခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးသည်။ ANCကို နိုင်ငံတကာမှ အသိအမှတ်ပြုလာအောင် ဆောင်ရွက်သည်။ တမ်ဘိုသည် တောင်အာဖရိကနှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသော တန်ဇန်းနီးယားနှင့် ဇမ်ဘီယာနိုင်ငံထဲတွင် စစ်လေ့ကျင့်ရေးစခန်းများ တည်ဆောက်ခဲ့ပြီး တော်လှန်ရေးတပ်ဖွဲ့များကို လေ့ကျင့်ပေးခဲ့သည်။ နောင်တွင် အင်ဂိုလာနိုင်ငံသို့ ၎င်းတပ်ဖွဲ့များ ရွှေ့ပြောင်းလာခဲ့သည်။ ၎င်း၏ဗျူဟာမှာ တောင်အာဖရိကက လူဖြူအစိုးရအား ANC မှ လက်နက်ကိုင်တိုက်ပွဲ ဆင်နွှဲတော့မည့်ဗျူဟာ ဖြစ်သည်။

၁၉၇၆ခုနှစ်တွင် ကျောင်းသားကျောင်းသူ (၁၀၀၀၀)ချီတက်ဆန္ဒပြမှုကြီး ဆိုဝီတိုတွင် ပေါ်ပေါက်ခဲ့သည်။ ရဲများက သေနတ်ဖြင့်ပစ်ခတ်ခဲ့သောကြောင့် လမ်းပေါ်တွင် အလောင်းများ ပြန့်ကျဲသွားတော့သည်။ ထိုမှစ၍ ဆိုဝီတိုလူထုအုံကြွမှုကြီးပေါ်ပေါက်လာသည်။ အုံကြွမှုအတွင်း လူ(၁၀၀၀)နီးပါး သေဆုံးခဲ့ပြီး (၆၀၀၀)ခန့် ထောင်ထဲရောက်သွားသည်။

×××

ထိုနောက်ပိုင်းတွင် တောင်အာဖရိကလူဖြူအစိုးရအပေါ် နိုင်ငံတကာဖိအားများ တစ်စတစ်စ တိုးပွားလာတော့သည်။ တောင်အာဖရိကသည် ဒေဝါလီခံရတော့မည့်အနေအထားသို့ ရောက်ရှိလာသည်။ တောင်အာဖရိကမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတော်များများရုပ်သိမ်းပစ်လိုက်ကြသည်။ ဆူပူအုံကြွမှုများကလည်း နိုင်ငံတစ်ဝန်း အဆက်မပြတ်ဖြစ်ပွားလာတော့သည်။

ထို့ကြောင့် ၁၉၈၂ ခုနှစ်တွင် နိုင်ငံရေးမျက်လှည့်ပြသည့်အနေဖြင့် လူဖြူအစိုးရက မင်ဒဲလားအား ရော်ဘင်ကျွန်းမှ ရွှေ့ပြောင်းပစ်လိုက်ပြီး ကိပ်တောင်းမြို့အနီး ပိုးလ်မူးဝါးအကျဉ်းထောင်သို့ ပို့လိုက်သည်။ ထောင်အသစ်တွင် မင်ဒဲလားသည် ပထမဆုံးအကြိမ်အဖြစ် အိပ်ရာတစ်ခု ရရှိခဲ့သည်။

### သမ္မတဘိုသာမှ မင်ဒဲလားအား တွေ့ဆုံဆွေးနွေးရန် ကမ်းလှမ်းလာခြင်း

ပြည်တွင်းအခက်အခဲနှင့် ပြည်ပဖိအားပေးမှုကို ရင်ဆိုင်ရသောကြောင့် သမ္မတဘိုသာ သည် မြွေမသေ တုတ်မကျိုးအစီအစဉ်တစ်ရပ်ကို စိတ်မပါ့တပါ ကမ်းလှမ်းပါသည်။

၁၉၈၅ ဇန်နဝါရီ ပါလီမန်အချေအတင်ဆွေးနွေးပွဲတစ်ခု၌ နိုင်ငံတော်သမ္မတဖြစ်သူ ဘိုသာက အကယ်၍ ကျွန်တော်က အကြမ်းဖက်မှုကို နိုင်ငံရေးလက်နက်အဖြစ် ကိုင်စွဲခြင်းကို ခြွင်းချက်မရှိပယ်ဖျက်မည်ဆိုပါက ကျွန်တော့်အားလွှတ်ပေးမည်ဖြစ်ကြောင်း လူသိရှင်ကြား ကမ်းလှမ်းပါသည်။

ထို့နောက် သူက ကျွန်တော့်ကို စိန်ခေါ်သလို ဤသို့ထပ်လောင်းပြောဆိုပါသည်။

'ဒါကြောင့် မစ္စတာမင်ဒဲလားရဲ့ လွတ်မြောက်ရေးလမ်းမှာ ဟန့်တားနေတာဟာ တောင်အာဖရိကအစိုးရ မဟုတ်ပါဘူး။ မစ္စတာမင်ဒဲလား ကိုယ်တိုင်ပဲ ဖြစ်ပါတယ်'

ကျွန်တော်၏လွတ်မြောက်ရေးနှင့်ပတ်သက်၍ အစိုးရက အဆိုတစ်ခုပြုလိမ့်မည်ဟု အာဏာပိုင်များက သတိပေးထားသော်လည်း နိုင်ငံတော်သမ္မတက ပါလီမန်တွင် ပြောလာမည့်အတွက်ကား မျှော်လင့်မထားပါ။ ကျွန်တော့်အထင်အားဖြင့် ကျွန်တော်၏လွတ်မြောက်ရေးအတွက် ခြွင်းချက်ဖြင့် အစိုးရ၏ကမ်းလှမ်းမှုမှာ (၁၀)နှစ်အတွင်း ဤအကြိမ်သည်ခြောက်ကြိမ်မြောက်ဖြစ်သည်။ ရေဒီယိုမိန့်ခွန်းကို နားထောင်ပြီးနောက် ကျွန်တော်သည် ထောင်မှူးအား နိုင်ငံတော်သမ္မတ၏ကမ်းလှမ်းမှုကို တုံ့ပြန်ချက်အား နှုတ်တိုက်ချပေးနိုင်ရန် ကျွန်တော်၏ဇနီးနှင့် ကျွန်တော်၏ရှေ့နေအစ္စမေးလ်အရုတ်အား အရေးတကြီးလာခွင့်ပြုဖို့ တောင်းဆိုပါသည်။

၁၉၈၅ ဖေဖော်ဝါရီ (၁၀)ရက် တနင်္ဂနွေနေ့တွင် ဩဘာပေးနေကြသော လူအုပ်ကြီးအား ကျွန်တော့်သမီးဇင်ဇီက ကျွန်တော်၏ပြန်ကြားချက်ကို ဖတ်ပြသည်။ လူထုကြီးမှာ ကျွန်တော်၏စကားများကို တောင်အာဖရိကတွင် ဘယ်နေရာမှာမှ တရားဝင်မကြားရသည်မှာ အနှစ်(၂၀)ကျော်ပြီး ဖြစ်ပါသည်။

ဇင်ဇီသည် သူ့အမေဝင်နီလိုပင် စကားကို အားနှင့်မာန်နှင့်ပြောတတ်သူဖြစ်သည်။ သူမ၏ဖခင်သည် ဤစကားများကို သူကိုယ်တိုင်ပြောကြားရန် ဤအားကစားကွင်း၌ရှိနေသင့်ကြောင်း သူမက ပြောသည်။ ကျွန်တော်၏မိန့်ခွန်းပြောသူမှာ သူမဖြစ်ကြောင်းသိရ၍ ကျွန်တော်ဂုဏ်ယူမိပါသည်။

### မင်ဒဲလား၏မိန့်ခွန်းကို သမီးဇင်ဇီမှ ဖတ်ပြခြင်း

**'ကျွန်တော်ဟာ အာဖရိကန်နေရှင်နယ်ကွန်ဂရက်ရဲ့အဖွဲ့ဝင်တစ်ယောက် ဖြစ်ပါတယ်။ ကျွန်တော်ဟာ အမြဲတမ်း ANC အဖွဲ့ဝင်ဖြစ်ပြီး သေတဲ့နေ့အထိ ဖြစ်နေမှာ ဖြစ်ပါတယ်။ အိုလီဗာတမ်ဘိုဟာ ကျွန်တော့်ရဲ့ညီရင်းအစ်ကိုထက် ပိုပါတယ်။ သူဟာ အနှစ်(၅၀)နီးပါး ကျွန်တော့်ရဲ့အကြီးမြတ်ဆုံးမိတ်ဆွေနဲ့ ရဲဘော်ရဲဘက်ဖြစ်ပါတယ်။ ခင်ဗျားတို့အထဲမှာ ကျွန်တော့်ရဲ့လွတ်မြောက်မှုကို လိုလားမြတ်နိုးသူတစ်စုံတစ်ယောက်ရှိခဲ့ရင် အိုလီဗာတမ်ဘိုဟာ အဲဒါထက်ပိုပါတယ်။ ကျွန်တော့်လွတ်မြောက်ရေးအတွက် သူ့အသက်ကိုပေးလိမ့်မယ်ဆိုတာ ကျွန်တော်သိပါတယ်။**

**ကျွန်တော့်ရဲ့လွတ်လပ်ရေးကို ကျွန်တော်မြတ်နိုးပါတယ်။ ဒါပေမယ့် လူထုကြီးရဲ့လွတ်လပ်ရေးကို ကျွန်တော် ပိုပြီးအလေးထားပါတယ်။ ကျွန်တော်ထောင်ထဲကိုရောက်လာကတည်းက လူအများအပြားသေကြေခဲ့ရပါပြီ။ လွတ်လပ်မှုကိုမြတ်နိုးတဲ့အတွက် လူအများအပြားလည်း ဒုက္ခခံခဲ့ကြရပါတယ်။ သူတို့ရဲ့မုဆိုးမများ၊ သူ**



နဲလ်ဆင်မင်ဒဲလားနှင့် ပါလက်စတိုင်း လွတ်မြောက်ရေး

www.free4readers.com

# …ကြလူသားများ (၅)

(…ဝနေဝန်း)



…ခေါင်းဆောင် ယာဆာအာရာဖတ်တို့ တွေ့ဆုံခဲ့ကြစဉ်။

**တို့ရဲ့ဖတဆိုး၊ မိတဆိုးကလေးငယ်များ၊ သူတို့အတွက် ဝမ်းနည်းပူဆွေးခဲ့ရတဲ့ မိခင်ဖခင်များအတွက် ကျွန်တော့်မှာ တာဝန်ရှိနေပါတယ်။ ဒီရှည်လျားပြီး အထီးကျန်အချည်းနှီးနှစ်တွေအတွင်းမှာ ကျွန်တော်ဟာ ဒုက္ခမျိုးစုံခံစားခဲ့ရပါတယ်။ ကျွန်တော်ဟာ ဘဝကို မြတ်နိုးတဲ့နေရာမှာ ခင်ဗျားတို့ထက် မလျော့ပါဘူး။ ဒါပေမယ့် ကျွန်တော့်မွေးရာပါအခွင့်အရေးကို ရောင်းမစားနိုင်ဘူး။ လူထုရဲ့မွေးရာပါအခွင့်အရေးဖြစ်တဲ့လွတ်လပ်မှုကို ရောင်းစားဖို့ အဆင်သင့်မရှိဘူး။**

**လွတ်လပ်တဲ့ လူမှသာလျှင် စေ့စပ်ဆွေးနွေးနိုင်ပါတယ်။ အကျဉ်းသားများဟာ သဘောတူစာချုပ် မချုပ်ဆိုနိုင်ပါဘူး။**

**ကျွန်တော်နဲ့ခင်ဗျားတို့ ပြည်သူလူထုလွတ်လပ်ခွင့်မရသေးတဲ့အချိန်မှာ ကျွန်တော်ဟာ ဘယ်လိုကတိကဝတ်ကိုမှမပေးနိုင်ပါဘူး။ လုပ်မှာလည်း မဟုတ်ဘူး။ ခင်ဗျားတို့ရဲ့လွတ်လပ်ခွင့်နဲ့ ကျွန်တော့်ရဲ့လွတ်လပ်ခွင့်ဟာ ခွဲခြားလို့မရပါဘူး။ ကျွန်တော်ပြန်လာမှာပါ’**

×××

၁၉၈၈ဆောင်းရာသီတွင် သမ္မတဘိုသာသည် ဩဂုတ်လမကုန်မီ ကျွန်တော်နှင့်တွေ့ရန်စီစဉ်နေကြောင်း ကျွန်တော့်အားပြောပါသည်။ တိုင်းပြည်မှာမူ ဝရုန်းသုန်းကားအခြေအနေထဲမှာ နစ်နေဆဲဖြစ်သည်။ အစိုးရက ၁၉၈၇ နှင့် ၁၉၈၈မှာ ပြဋ္ဌာန်းခဲ့သော အရေးပေါ်အခြေအနေကိုပြန်လည်ပြဋ္ဌာန်းသည်။ နိုင်ငံတကာဖိအားကလည်း မြင့်မားလျက်၊ နောက်ထပ်ကုမ္ပဏီများ တောင်အာဖရိကမှ ထွက်ခွာကြသည်။ အမေရိကန်ကွန်ဂရက်က အလုံးစုံအရေးယူပိတ်ဆို့ရေးဥပဒေကြမ်းကို အတည်ပြုသည်။

ဇန်နဝါရီလတွင် ပီဒဗလျူဘိုသာသည် လေဖြတ်ဝေဒနာခံစားရသည်။ မသန်မစွမ်းဖြစ်မသွားသော်လည်း အားအင်တော့ချည့်နဲ့သွားသည်။ သူ့ဝန်ကြီးများအဆိုအရ ဘိုသာသည် စိတ်တိုလွယ်လာသည်ဟု ဆိုသည်။ ဖေဖော်ဝါရီလတွင် မမျှော်လင့်ဘဲ နေရှင်နယ်ပါတီခေါင်းဆောင်အဖြစ်မှ ဘိုသာနုတ်ထွက်လိုက်သည်။ သို့ရာတွင် နိုင်ငံတော်သမ္မတရာထူးကိုတော့ ဆက်လက်ယူထားသည်။

သမ္မတဘိုသာသည် ယခုနိုင်ငံ့ခေါင်းဆောင်ဖြစ်သော်လည်း သူ့ပါတီ၏ခေါင်းဆောင်ကား မဟုတ်တော့။ တချို့ကတော့ ဤဖြစ်ရပ်ကို အကောင်းဘက်က မြင်သည်။ ဘိုသာသည် တောင်အာဖရိကတွင် စစ်မှန်သောအပြောင်းအလဲများကို ဖော်ဆောင်နိုင်ရန် ပါတီမူဝါဒ၏အထက်မှာ ရှိနေလိုခြင်းဖြစ်သည်ဟုဆိုသည်။

နိုင်ငံရေးအကြမ်းဖက်မှုနှင့်နိုင်ငံတကာဖိအားနှစ်ခုလုံးကမူ ဆက်လက်တိုးပွားလျက်ရှိပါသည်။

နိုင်ငံတကာမျက်နှာစာတွင်ကား အိုလီဗာတမ်ဘိုသည် ဂရိတ်ဗြိတိန်၊ ဆိုဗီယက်ယူနီယံအစိုးရများနှင့် ဆွေးနွေးပွဲများပြုလုပ်ပါသည်။ ၁၉၈၇ ဇန်နဝါရီတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဂျော့ဂျ်ရှုလ်နှင့် ဝါရှင်တန်တွင် တွေ့ဆုံပါသည်။ ANC အား တောင်အာဖရိကပြဿနာအဖြေရှာရေးတွင် မရှိမဖြစ်အစိတ်အပိုင်းတစ်ရပ်အဖြစ် အမေရိကန်က အသိအမှတ်ပြုပါသည်။ တောင်အာဖရိကအပေါ် ဒဏ်ခတ်အရေးယူမှုသည် တည်ရှိနေဆဲဖြစ်ပြီး ပို၍ပင်တိုးပွားလာပါသေးသည်။

ထိုနှစ်ဇူလိုင်လ ကျွန်တော်၏(၇၁)နှစ်မြောက်မွေးနေ့အတွက် ဗစ်တာဗာစတာအထူးထောင်မှ တိုက်အိမ်သို့ ကျွန်တော်၏မိသားစုတစ်ခုလုံးနီးပါး လာရောက်လည်ပတ်ကြပါသည်။ တစ်နေရာတည်းတွင် ကျွန်တော့်ဇနီး၊ သားသမီးမြေးများနှင့် ပထမဆုံးအကြိမ်တွေ့ဆုံမိခြင်းဖြစ်လေရာ ပျော်ရွှင်ရသောအချိန် ဖြစ်ပါသည်။

ကျွန်တော့်ပတ်လည်တွင် မိသားစုတစ်စုလုံးရောက်ရှိနေသဖြင့် ကျွန်တော်သည် လှိုက်လှိုက်လှဲလှဲ ကြည်နူးမိပါသည်။ စိတ်မကောင်းဖြစ်ရသည့်တစ်ခုတည်းသောအချက်မှာ ဤအချိန်အခါမျိုးကို ကျွန်တော်သည် နှစ်ပေါင်းများစွာလွဲခဲ့ရသည်ဆိုသောအသိဖြစ်ပါသည်။

ကျွန်တော့်အားတွေ့ဆုံရန် ဘိုသာ၏လိုလားမှုမှာ သူ့ပြိုင်ဘက်အား လူစွမ်းပြခြင်းဖြစ်သည်ဟု တချို့ကအဓိပ္ပာယ်ကောက်ကြသည်။ သို့ရာတွင် ယင်းအတွက် ကျွန်တော် မစိုးရိမ်ပါ။ သမ္မတက ပြောနိုင်သည့်အချက်များနှင့် ကျွန်တော်ကပြန်ပြောရမည့်အချက်များကို ကျွန်တော်အစမ်းလေ့ကျင့်ခဲ့ပြီးပြီ။ ရန်သူနှင့်ဆွေးနွေးပွဲတိုင်းတွင် မိမိ၏သဘောထားကို အတိအကျပြောပြထားရပါသည်။

မစ္စတာဘိုသာနှင့်တွေ့ရန် ကျွန်တော်စိတ်တော့ လှုပ်ရှားမိသည်။ သူ့ကို ‘မိကျောင်းကြီး’ဟု သိကြသည်။ သူ၏ဒေါသခက်ထန်ပုံကို ကြိမ်ဖန်များစွာကြားဖူးသည်။ ကျွန်တော့်အမြင်အားဖြင့် သူသည်ရှေးရိုးစွဲသမား၊ ခေါင်းမာသည့်ဒတ်ချ်အနွယ် လူဖြူတစ်ဦး၊ လူမည်းခေါင်းဆောင်များအား အမိန့်သာပေးပြီး ဟုတ်တိပတ်တိ မဆွေးနွေးဖူးသူ၊ လတ်တလောလေဖြတ်ထားခြင်းက ဤအချက်ကိုပို၍ ဆိုးရွားစေသည့်သဘောရှိသည်။ ကျွန်တော့်ကို လက်ညှိုးငေါက်ငေါက်ထိုး၍ ပြောခဲ့ပါက ဤလိုအပြုအမူမျိုးကို လက်မခံနိုင်ကြောင်းပြောပြီး နေရာမှထကာ ဆွေးနွေးပွဲကို ရပ်ဆိုင်းပစ်ရပါလိမ့်မည်။

×××

မြေညီထပ်သို့ ခါတ်လှေကားဖြင့် ကျွန်တော်တို့ တက်ကြသည်။ သမ္မတရုံးရှေ့ ဧည့်စောင့်ခန်းသို့ ရောက်ပါသည်။ ဧည့်စောင့်ခန်းမှာ သစ်သားဖြင့် မှန်ကူကွက်ပုံဖော်ထားပြီး ခမ်းနားလှပါသည်။ ထိုနေရာတွင် ကိုဘီးကုတ်ဆီး၊ ဒေါက်တာဘားနတ်နှင့်ထောင်အရာရှိတစ်စုကို တွေ့သည်။ ကျွန်တော်သည် ကုတ်ဆီး၊ ဒေါက်တာဘားနတ်တို့နှစ်ဦးလုံးနှင့် ဤဆွေးနွေးပွဲအကြောင်း ကျယ်ကျယ်ပြန့်ပြန့်ပြောခဲ့သည်။ သူတို့က သမ္မတကြီးနှင့်အငြင်းပွားစရာကိစ္စများကိုရှောင်ရှားရန် ကျွန်တော့်အား အမြဲအကြံပြုပြောကြားကြသည်။ ကျွန်တော်တို့ စောင့်နေစဉ် ဒေါက်တာဘားနတ်က ငုံ့ကြည့်လိုက်ရာ ကျွန်တော့်ဖိနပ်ကြိုးချည်ပုံမမှန်ကြောင်း သတိပြုမိသွားသည်။ သူသည် ကပျာကယာဒူးထောက်ပြီး ဖိနပ်ကြိုးကို ပြင်ချည်ပေးလိုက်သည်။ သူတို့ဘယ်လောက်စိတ်လှုပ်ရှားနေကြကြောင်း ကျွန်တော်သဘောပေါက်သွားသည်။ ကျွန်တော်သည် စိတ်ကိုတည်ငြိမ်အောင်ထားမရ ဖြစ်သွားသည်။ ထို့နောက် တံခါးပွင့်သွားရာ ကျွန်တော်လည်းအဆိုးဆုံးကိုမျှော်လင့်လျက်လျှောက်သွားပါသည်။

မျက်နှာချင်းဆိုင်ရုံးခန်းထဲမှ ပီဒဗလျူဘိုသာ ကျွန်တော့်ထံလျှောက်လာပါသည်။ သူက သူ့ခြေလှမ်းကို အသေအချာတွက်ထားခဲ့ပုံရသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့သည် လမ်းတစ်ဝက်တိတိတွင်ဆုံမိကြသောကြောင့် ဖြစ်သည်။ သူက လက်ကိုဆန့်၍ အားရပါးရပြုံးသည်။ တကယ်တော့ ထိုခဏမှာပင် သူသည် ကျွန်တော့်အား ဒေါသအာယာတများ လုံးဝပြေပျောက်သွားစေပါသည်။ သူသည် ယဉ်ကျေးပျူငှာသူ၊ လိုက်လျောဖော်ရွေသူ အမှန်ဖြစ်ပါသည်။

ကျွန်တော်တို့နှစ်ယောက်သား လက်ဆွဲနှုတ်ဆက်ကြပုံကို အလျင်အမြန်ဓာတ်ပုံရိုက်ခံကြသည်။ ထို့နောက် စားပွဲရှည်ကြီးတွင် ကိုဘီးကုတ်ဆီး၊ ဂျင်နရယ်ဝီလမ်ဆေးနှင့် ဒေါက်တာဘားနတ်တို့ပါ ဝိုင်းထိုင်ကြသည်။ လက်ဖက်ရည်ပွဲဖြင့် တည်ခင်းဧည့်ခံသည်ကို စားသောက်ပြီးနောက် စတင်ဆွေးနွေးကြသည်။ ပထမတွင် နိုင်ငံရေးဆွေးနွေးပွဲနှင့်မတူ၊ တက်တက်ကြွကြွနှင့်စိတ်ဝင်စားစရာ နည်းပြသင်တန်းတစ်ခုမှာရောက်နေသလိုဖြစ်နေသည်။ သမိုင်းနှင့်တောင်အာဖရိကယဉ်ကျေးမှုလို အရေးကြီးသောအကြောင်းရပ်များကို များများစားစား မဆွေးနွေးပါ။

ဆွေးနွေးပွဲမှာ နာရီဝက်ပင်မကြာသော်လည်း ရင်းရင်းနှီးနှီးနှင့်သက်သောင့်သက်သာ ရှိပါသည်။ ဆွေးနွေးပွဲအပြီးသတ်တွင် ကျွန်တော်က အရေးကြီးသော ကိစ္စတစ်ရပ်ကို ပြောသည်။ မစ္စတာဘိုသာအား ကျွန်တော်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိလွှတ်ခိုင်းခြင်းဖြစ်သည်။ တွေ့ဆုံပွဲတစ်လျှောက်လုံးတွင် ဤတဒင်္ဂမှာတော့ အခြေအနေတင်းမာသည်။ မစ္စတာဘိုသာက ယင်းကိစ္စကို မလုပ်နိုင်သေးကြောင်း အားတောင့်အားနာပြောသည်။

တစ်လကျော်ကျော်ခန့်အကြာ ၁၉၈၉ ဩဂုတ်လတွင် ပီဒဗလျူဘိုသာသည် သမ္မတရာထူးမှနုတ်ထွက်ကြောင်း တီဗီမှကြေညာပါသည်။

နောက်တစ်နေ့တွင် ဒီကလပ်သည် ယာယီသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပြီး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရေးအတွက် အခိုင်အမာကတိပေးခဲ့သည်။

မစ္စတာဒီကလပ်က သူ၏ရာထူးလက်ခံသည့်မိန့်ခွန်းတွင် သူ့အစိုးရအနေဖြင့် ငြိမ်းချမ်းရေးရလိုကြောင်း၊ ငြိမ်းချမ်းရေးကိုလိုလားသည့်မည်သည့်အုပ်စုနှင့်မဆို စေ့စပ်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောပါသည်။ သို့ရာတွင် ဖွဲ့စည်းပုံစနစ်ပြောင်းဖို့ သူ၏ကတိစကားမှာမူ ရာထူးလက်ခံပွဲအပြီး ကိပ်တောင်းတွင် ပုလိပ်တို့၏ရက်စက်ကြမ်းကြုတ်မှုကို ကန့်ကွက်သည့်အနေဖြင့် ချီတက်ဆန္ဒပြရန် စီစဉ်နေကြချိန်ကျမှ ဖြစ်သည်။ ဆန္ဒပြပွဲကို ဘုန်းတော်ကြီးဒက်စမွန်တူးတူးနှင့် သိက္ခာတော်ရဆရာတော်အလန်ဘိုဆက်တို့ကဦးဆောင်မည်ဖြစ်သည်။

သမ္မတအသစ်သည်ကား နိုင်ငံရေးစုဝေးမှုကန့်သတ်ချက်များကို လျှော့ချမည်ဟူသော သူ၏ကတိစကားနှင့်အညီ ချီတက်ပွဲကို ခွင့်ပြုလိုက်ပါသည်။ ဆန္ဒပြသူများအနေဖြင့် ငြိမ်းချမ်းစွာဆန္ဒပြဖို့ကိုသာ မှာကြားပါသည်။ နိုင်ငံသည် မတူခြားနားသည့် ပုံကိုင်သစ်၏လက်ထဲတွင် ရောက်နေပါပြီ။

၁၉၉၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ(၂)ရက်နေ့တွင် အက်ဖ်ဒဗလျူဒီကလပ်သည် ပါလီမန်ရှေ့မှောက်၌ မတ်တတ်ရပ်လျက် အစဉ်အလာအဖွင့်မိန့်ခွန်းပြောရာ၌ တခြားမည်သည့်တောင်အာဖရိကခေါင်းဆောင်မှ မလုပ်ခဲ့ဖူးသောအလုပ်ကို လုပ်ခဲ့ပါသည်။ အသားရောင်ခွဲခြားရေးစနစ်ကို အမှန်တကယ်စတင်ဖျက်သိမ်းပြီး ဒီမိုကရက်တစ်တောင်အာဖရိကနိုင်ငံ၏ အခြေခံအုတ်မြစ်များကိုချလိုက်ခြင်း ဖြစ်ပါသည်။ သူက ဟန်ပါပါနှင့် ANC၊ PAC၊ တောင်အာဖရိကကွန်မြူနစ်ပါတီနှင့် အခြားတရားမဝင်အဖွဲ့အစည်း(၃၀)ဖွဲ့အား တားမြစ်ပိတ်ပင်ထားမှုကို ရုပ်သိမ်းကြောင်း၊ အကြမ်းမဖက်လှုပ်ရှားမှုအတွက် အကျဉ်းချထားခြင်းခံရသော နိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးကြောင်း၊ အရေးပေါ်အခြေအနေက ပြဋ္ဌာန်းထားသော တားမြစ်ကန့်သတ်မှုများကို ရုပ်သိမ်းကြောင်း ကြေညာသွားပါသည်။ ‘စေ့စပ်ဆွေးနွေးရန် အချိန်တန်ပြီ’ဖြစ်ကြောင်း သူကဆိုပါသည်။

×××

ဤသည်မှာ အသက်ရှုမှားလောက်စရာ တဒင်္ဂ ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် သူသည် တစ်ချက်တည်းဖြင့် သိမ်းကျုံး၍ တောင်အာဖရိကအခြေအနေကို ပုံမှန်ပြန်ဖြစ်စေသောကြောင့် ဖြစ်ပါသည်။ ကျွန်တော်တို့လောကသည် ညတွင်းချင်းပြောင်းလဲသွားပေပြီ။ နှစ်(၄၀)ကြာ နှိပ်ကွပ်မှု ပြည်နှင်ဒဏ်ပေးမှုတို့ကို ခံရပြီးနောက် ANC ပါတီသည် ယခုအခါ တရားဝင်အဖွဲ့အစည်းဖြစ်လာလေပြီ။ ကျွန်တော်နှင့်တကွ ကျွန်တော့်ရဲဘော်ရဲဘက်အားလုံးသည် ANC ပါတီဝင်ဖြစ်ခြင်းဟူသော အကြောင်းကြောင့် အဖမ်းမခံရတော့၊ ANC ၏ ဝါးစိမ်းနက်အလံကို ကိုင်ဆောင်သွားမှုဖြင့် အဖမ်းမခံရတော့၊ ANC ၏အမည်ကို ထုတ်ဖော်ပြောခြင်းကြောင့် အဖမ်းမခံရတော့။ နှစ်ပေါင်း(၃၀)နီးပါးအတွင်း ပထမဆုံးအကြိမ်အဖြစ် ကျွန်တော့်ရုပ်ပုံ၊ ကျွန်တော့်စကားများနှင့် တားမြစ်ပိတ်ပင်ခံခဲ့ရသော ကျွန်တော့်ရဲဘော်များ၏ရုပ်ပုံ၊ သူတို့၏စကားများကို တောင်အာဖရိကသတင်းစာများတွင်ဖော်ပြနိုင်ပြီ။ နိုင်ငံတကာအသိုင်းအဝိုင်းက ဒီကလပ်၏ရဲရင့်သောလုပ်ရပ်ကို သောင်းသောင်းဖြဖြသြဘာပေးကြသည်။

(နောက်ကျောဖုံးတွင်ဆက်လက်ဖတ်ရှုပေးပါရန်)

www.free4readers.com

# လွှတ်လပ်ခြင်းသို့ ခရီးရှည်
# Long Walk To Freedom

### မင်ဒဲလားနှင့် သမ္မတသစ်ဒီကလပ် တွေ့ဆုံခြင်း

ညနေ (၆)နာရီတွင် ကျွန်တော်ရောက်သွားသည်။ မစ္စတာဒီကလပ်ကို သူ့ရုံးတွင်ပြုံးပြုံးကြီးတွေ့ရသည်။ လက်ဆွဲနှုတ်ဆက်ကြရင်း သူက ကျွန်တော့်အား နောက်တစ်နေ့တွင် ထောင်မှလွှတ်ပေးမည်ဖြစ်ကြောင်း ပြောပါသည်။ တောင်အာဖရိကနှင့် ကမ္ဘာတစ်ဝန်းမှ သတင်းစာများက ကျွန်တော့်အား ရက်သတ္တပတ်အနည်းငယ်အတွင်း လွှတ်ပေးလိမ့်မည်ဖြစ်ကြောင်း ခန့်မှန်းထားခဲ့ကြလေရာ သမ္မတ၏ပြောကြားချက်ကြောင့် ကျွန်တော် အံ့အားသင့်သွားပါသည်။

ထိုအကြောင်းကိုကြားသည့်ခဏ၌ ကျွန်တော့်နှလုံးသားနှင့်ဦးနှောက်အကြား ပဋိပက္ခဖြစ်နေသလို ခံစားလိုက်ရပါသည်။ ထောင်မှထွက်၍ရနိုင်လျှင် ရနိုင်ချင်း ကျွန်တော်ထွက်ချင်ပါသည်။ သို့ရာတွင် ဤကဲ့သို့တိုတိုတောင်းတောင်းအသိပေးမှုဖြင့် ထောင်မှထွက်ရမည်မှာကား အမြော်အမြင်မရှိရာရောက်ပါသည်။ ထို့နောက် ကျေးဇူးမသိတတ်ရာရောက်သော်လည်း ကျွန်တော်၏မိသားစုနှင့် အဖွဲ့အစည်းက ကျွန်တော့်လွှတ်မြောက်မှုအတွက် ပြင်ဆင်နိုင်ရန် ရက်သတ္တတစ်ပတ်ကြိုတင်အသိပေးခြင်းကို ပို၍နှစ်သက်ကြောင်း ပြောပါသည်။ နက်ဖြန် ထောင်မှထွက်ခြင်းသည် ဝရုန်းသုန်းကားအခြေအနေဖြစ်ပေါ်စေလိမ့်မည်။ 'ကျွန်တော်က ဒီကလပ်အား နောက်တစ်ပတ်ကြာမှ လွှတ်ခိုင်းပါသည်။ (၂၇)နှစ်လုံးလုံးစောင့်ဆိုင်းလာခဲ့ပြီးမှ ကျွန်တော်သည် နောက်တစ်ပတ်တော့ သေချာပေါက်စောင့်နိုင်ပါသည်။

ကျွန်တော့် တုံ့ပြန်မှုကြောင့် ဒီကလပ် အံ့အားသင့်သွားသည်။ ကျွန်တော့်စကားကို ပြန်မဖြေဘဲ ကျွန်တော့်အား လွှတ်ပေးရေးနှင့်ပတ်သက်သော အစီအစဉ်ကို ဆက်လက်ပြောပြသည်။ ကျွန်တော့်အား လေယာဉ်ဖြင့် ဂျိုဟန်နက်စဘတ်သို့ ခေါ်သွားပြီး ယင်းတွင် ကျွန်တော့်အား တရားဝင်လွှတ်ပေးမည်ဖြစ်ကြောင်း ပြောသည်။ သူထပ်မပြောမီ ကျွန်တော်က ယင်းအစီအစဉ်ကို အခိုင်အမာကန့်ကွက်ကြောင်းပြောပါသည်။ ကျွန်တော်က ဗစ်တာဗာစတာထောင်ပေါက်တံခါးဝမှထွက်လာပြီး ကျွန်တော့်အား စောင့်ရှောက်ခဲ့သူများကို ကျေးဇူးတင်စကားပြောကာ ကိပ်တောင်းလူထုကို နှုတ်ဆက်ချင်သည်။ ကျွန်တော်သည် ဂျိုဟန်နက်စဘတ်မှလာသူဖြစ်သော်လည်း ကိပ်တောင်းသည် နှစ်ပေါင်း(၃၀)နီးပါး ကျွန်တော့်ဇာတိဖြစ်ခဲ့သည်။ ဂျိုဟန်နက်စဘတ်သို့ပြန်မည်ဖြစ်သော်လည်း ကျွန်တော်ပြန်ချင်သည့်အချိန်တွင် ပြန်မည်။ အစိုးရက ပြန်စေချင်သည့်အချိန်တွင် ပြန်မည်မဟုတ်။

'ကျွန်တော် လွတ်လပ်ပြီပဲ။ ကိုယ့်ကိုယ်ကိုယ်စောင့်ရှောက်ပါ့မယ်'

ဒီကလပ်သည် အံ့အားသင့်၍ ဘာပြောရမှန်းမသိဖြစ်သွားပြန်သည်။ တခြားလူများနှင့်တိုင်ပင်ရန်အကြောင်းပြကာ အခန်းထဲမှထွက်သွားသည်။ (၁၀)မိနစ်အကြာတွင် မျက်နှာအိုအိုနှင့်ပြန်ရောက်လာသည်။

'မစ္စတာမင်ဒဲလား-အစီအစဉ်ပြင်ဖို့က သိပ်နောက်ကျသွားပြီ'

တစ်ပတ်အကြာတွင် ဂျိုဟန်နက်စဘတ်မှမဟုတ်ဘဲ ဗစ်တာဗာစတာမှလွှတ်ပေးစေလိုကြောင်း ပြောသည်။ ထိုတဒင်္ဂမှာ အခြေအနေတင်းမာသောအချိန်ဖြစ်သည်။ အကျဉ်းသားက လွှတ်ပေးခံရဖို့ ငြင်းဆန်နေပြီး အကျဉ်းချသူက လွှတ်ပေးဖို့ကြိုးပမ်းနေသည့် ဇောက်တိဇောက်ထိုးအဖြစ်ကို ထိုအချိန်က ကျွန်တော်တို့ နှစ်ဦးလုံး သတိမမူမိကြ။

ဒီကလပ် အပြင်ထွက်သွားပြန်သည်။ (၁၀)မိနစ်အကြာတွင် ပြန်ဝင်လာသည်။ အပေးအယူတစ်ခု သူ့မှာ ပါလာသည်။ ကျွန်တော့်ကို ဗစ်တာဗာစတာထောင်မှ လွှတ်ပေးမည်။ သို့ရာတွင် ရက်မရွှေ့ဆိုင်းရ၊ အစိုးရက နိုင်ငံခြားသတင်းဌာနများအား ကျွန်တော့်ကို နောက်တစ်နေ့တွင် လွှတ်ပေးမည်ဖြစ်ကြောင်း အကြောင်းကြားပြီးပြီ။ သူ့စကားကို မဖျက်နိုင်။ ကျွန်တော်က ဤကိစ္စကို မငြင်းခုံသင့်ဟု သဘောရသဖြင့် နောက်ဆုံးတွင် ယင်းအပေးအယူကို သဘောတူလိုက်ပါသည်။ မစ္စတာဒီကလပ်က ကျွန်တော်တို့နှစ်ဦးအတွက် ဝီစကီခွက်ထဲသို့ အရက်များလောင်းထည့်ပြီး အောင်ပွဲခံသည့်အနေဖြင့် သောက်ပါသည်။ ကျွန်တော်သည် အရက်ခွက်ကိုမြှောက်ကာ ဆုတောင်းသည်။ သို့ရာတွင် သောက်ချင်ယောင်သာ ဆောင်လိုက်ပါသည်။

### မင်ဒဲလား ထောင်မှလွတ်မြောက်ခြင်း

၁၉၉၀ပြည့်နှစ် ဖေဖော်ဝါရီလ(၁၁)ရက် ညနေ(၄)နာရီ(၁၅)မိနစ်တွင် မင်ဒဲလားအကျဉ်းထောင်မှလွတ်မြောက်လာခဲ့သည်။ ဗစ်တာဗာစတာထောင်ဘူးဝသို့ မင်ဒဲလားနှင့်ဇနီး ဝင်နီတို့သည် လမ်းလျှောက်၍ ထောင်အပြင်သို့ထွက်လာကြသည်။ မင်ဒဲလားသည် အသက် (၇၁)နှစ်အရွယ်သို့ ရောက်နေခဲ့ပြီဖြစ်သည်။ အကျဉ်းထောင်ထဲတွင် ရက်ပေါင်း (၁၀၀၀၀) နေထိုင်ခဲ့ရသည်။ ကိပ်တောင်းမြို့တော်ခန်းမအပြင်ဘက်တွင် သူ့မိန့်ခွန်းကိုနားဆင်ရန် လူပေါင်း (၅၀၀၀၀)ခန့် စုဝေးရောက်ရှိနေသည်။ မင်ဒဲလားသည် ယခုကဲ့သို့ ကြွေးကြော်လိုက်ပါသည်။

'အမန်ဒါးလား'(အာဏာ)။ ထိုစကားသည် 'နိုင်ငံတော်အာဏာ ငါတို့အာဏာ'ဟု အဓိပ္ပာယ်ရပါသည်။

လူကြီးများသည် မင်ဒဲလားအား မမြင်တွေ့ရသည်မှာ နှစ်ကာလအတော်ကြာခဲ့ပြီဖြစ်သည်။ မည်ကဲ့သို့မျှော်လင့်ရမည်ဆိုသည်ကိုပင် မသိကြတော့ချေ။ ငယ်ရွယ်သည့်တောင်အာဖရိကသားများကမူ သူ့ကိုလုံးဝမမြင်ဖူးကြပေ။ လူငယ်များက ဂုဏ်သက်ကြားအိုအဘိုးကြီးသည် နိုင်ငံရေးတွင်ပါဝင်ရန် မဖြစ်နိုင်တော့ဟု ယူဆခဲ့ကြပါသည်။ သူတို့မှားယွင်းခဲ့ပါသည်။ လွတ်လပ်ခြင်းသည် မင်ဒဲလားကို အသစ်တစ်ဖန်ပြန်လည်အားဖြည့်ပေးခဲ့ပြီဖြစ်သည်။ သူသည် ကမ္ဘာတစ်ဝန်းသို့ လှည့်လည်ခဲ့သည်။ ရောက်သည့်နေရာတိုင်းတွင် ရွှင်လန်းဝမ်းသာနေကြသည့် လူထုပရိသတ်များက သူ့ကို နှုတ်ဆက်ခဲ့ကြသည်။ အကြမ်းဖက်ဆူပူအုံကြွမှုသည် သူတို့ဘဝ၏အစိတ်အပိုင်းဖြစ်နေသည်မှာ ကြာခဲ့ပြီဖြစ်သည်။ မင်ဒဲလားသည် လူမည်းများနှင့်လူဖြူများ အတူတကွလက်တွဲခြင်းကိုသာ ယုံကြည်နေဆဲဖြစ်သည်။ ပြဿနာများကို နောက်တွင်ထားနိုင်သည်ဟုလည်း သူက ယူဆခဲ့သည်။

မင်ဒဲလားသည် တောင်အာဖရိကတွင် လူမျိုးရေးခွဲခြားမှုထာဝရမပျောက်သရွေ့ ကုန်သွယ်မှုမပြုကြရန် နိုင်ငံခြားတိုင်းပြည်များကိုပါ တိုက်တွန်းခဲ့သည်။ လူတိုင်း မဲပေးပိုင်ခွင့်တစ်ခုတည်းကိုသာ တောင်းဆိုခဲ့သည်။ 'လွန်ခဲ့တဲ့ (၂၇)နှစ် ကျွန်တော့်ကို အကျဉ်းချခဲ့စဉ်က ကျွန်တော့်မှာ မဲပေးပိုင်ခွင့်မရှိခဲ့ပါဘူး။ အခု ကျွန်တော် ထောင်ကလွတ်လာချိန်မှာလည်း မဲပေးခွင့်မရှိပါဘူး။ ဒါဟာ ကျွန်တော့်ရဲ့အသားအရောင်ကြောင့် ဖြစ်ပါတယ်'ဟု ပြောခဲ့သည်။

သမ္မတဒီကလပ်သည် တကယ့်တကယ်အပြောင်းအလဲလုပ်ရာတွင် အချိန်ဆွဲနေခဲ့သည်။ ဒီကလပ်အနေဖြင့် မင်ဒဲလား၏အရှိန်အဝါကျဆင်းမှေးမှိန်သွားမည်ဟု မျှော်လင့်ထားပုံရသည်။ လူမည်းများကတော့ အပြောင်းအလဲသိပ်မရှိ၍ မချင့်မရဲဖြစ်လာခဲ့ကြသည်။

၁၉၉၂ခုနှစ် ဩဂုတ်လတွင် ANC က နိုင်ငံလုံးဆိုင်ရာသပိတ်ကြီးကို ဦးဆောင်ဆင်နွှဲခဲ့ပါသည်။ တောင်အာဖရိကသမိုင်းတွင် အကြီးမားဆုံးဖြစ်သည်။ လူမျိုးရေးခွဲခြားမှုအဆုံးသတ်ရေးတောင်းဆိုမှုနှင့်အတူ တစ်နိုင်ငံလုံးမှပြည်သူများ အလုပ်ဆင်းရန် ငြင်းဆန်ခဲ့ကြသည်။နောက်တစ်လအကြာတွင် တောင်အာဖရိကနိုင်ငံ ဘီရှိုတွင် ANC ဦးဆောင်သည့်သပိတ်တိုက်ပွဲကို ရဲက ပစ်ခတ်ခဲ့သောကြောင့် (၂၈)ဦးသေဆုံးကာ လူပေါင်း(၂၀၀)ကျော်ဒဏ်ရာရရှိခဲ့သည်။



နဲလ်ဆင်မင်ဒဲလားနှင့်(၄၃)ယောက်မြောက်အမေရိကန်သမ္မတဘုရှ်တို့အိမ်ဖြူတော်၌တွေ့ဆုံခဲ့ကြစဉ်။

၁၉၉၂ခုနှစ်တွင် မင်ဒဲလားနှင့်ဒီကလပ်တို့ နားလည်မှုမှတ်တမ်းကို လက်မှတ်ရေးထိုးခဲ့ကြသည်။

### ရွေးကောက်ပွဲအောင်နိုင်ခြင်းနှင့် မင်ဒဲလားသမ္မတ ဖြစ်လာခြင်း

၁၉၉၄ခုနှစ် ဧပြီလတွင် တောင်အာဖရိကနိုင်ငံ၌ ပထမဆုံးဒီမိုကရေစီရွေးကောက်ပွဲကြီးကျင်းပခဲ့သည်။ လူမည်းများ မဲပေးနိုင်ခဲ့ပြီး ပြည်သူသန်းပေါင်း (၄၀)ကျော် မဲပေးခဲ့ကြသည်။ မင်ဒဲလားသည် သမ္မတအဖြစ် ရွေးကောက်ပွဲဝင်ပြိုင်ခဲ့သည်။ ရွေးကောက်ပွဲကာလ (၄)ရက်အတွင်း ပြည်သူများသည် မဲပေးနိုင်ရန်အတွက် နာရီပေါင်းများစွာတန်းစီစောင့်ဆိုင်း၍ မဲပေးခဲ့ကြသည်။ ရွေးကောက်ပွဲတွင် မင်ဒဲလားတို့၏ ANC မှ လွှတ်တော်အမတ်နေရာပေါင်း(၄၀၀)အနက် (၂၅၂)နေရာ၊ (၆၂)ရာခိုင်နှုန်း အနိုင်ရရှိခဲ့သည်။ ဒီကလပ်မှာ သမ္မတရွေးကောက်ပွဲတွင် ရှုံးနိမ့်သွားခဲ့ပြီး ဒုတိယသမ္မတအဖြစ်သာ တာဝန်ထမ်းဆောင်ခွင့်ရခဲ့သည်။

၁၉၉၄ခုနှစ် မေလ(၁၀)ရက်နေ့တွင် မင်ဒဲလားသည် တောင်အာဖရိကနိုင်ငံ၏ပထမဆုံးလူမည်းသမ္မတဖြစ်လာခဲ့သည်။ ပြည်သူများက မင်ဒဲလားကို တာတာ(ဖခင်)သို့မဟုတ် အကျဉ်းသားအမှတ်၄၆၆၆၄ ဟု ခေါ်ဆိုကြသည်။

မင်ဒဲလားဘဝတစ်လျှောက်လုံးအတွက် အရေးကြီးဆုံးနှင့် အရင်းနှီးဆုံးမိတ်ဆွေရဲဘော်ရဲဘက် အိုလီဗာတမ်ဘိုသည် ၁၉၉၃ခုနှစ်တွင် လေဖြတ်သွားပြီး ကွယ်လွန်သွားရှာသည်။ မင်ဒဲလားနှင့်တောင်အာဖရိကပြည်သူတို့၏အောင်ပွဲကို တမ်ဘိုမမြင်သွားနိုင်ခဲ့ချေ။ မင်ဒဲလားက 'တမ်ဘိုရဲ့ကြိုးပမ်းအားထုတ်မှုမပါဘဲနဲ့ ကျွန်တော်အကျဉ်းထောင်က မလွတ်မြောက်နိုင်ခဲ့ပါဘူး'ဟု ဝန်ခံပြောကြားခဲ့သည်။

မင်ဒဲလားသည် တောင်အာဖရိကနိုင်ငံ၏ သမ္မတကြီးအဖြစ် ငါးနှစ်တာ ပထမသက်တမ်းကိုသာ တာဝန်ထမ်းဆောင်ခဲ့ပြီး ဒုတိယသက်တမ်းငါးနှစ်တွင် သမ္မတရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုတော့ဘဲ နိုင်ငံရေးမှ အနားယူသွားခဲ့သည်။ မင်ဒဲလား၏ရည်ရွယ်ချက်မှာ တောင်အာဖရိကနိုင်ငံနှင့် ANC အတွက် မျိုးဆက်သစ်ခေါင်းဆောင်များက ဆက်လက်ဦးဆောင်နိုင်စေရန် ရည်ရွယ်ခဲ့ခြင်း ဖြစ်သည်။ မင်ဒဲလား၏ နောက်ထပ်အရေးကြီးဆုံးနှင့် အရင်းနှီးဆုံးမိတ်ဆွေရဲဘော်ရဲဘက်ဖြစ်သော ဆီလူလူသည်လည်း ရွေးကောက်ပွဲအပြီးတွင် နိုင်ငံရေးမှအနားယူသွားခဲ့ပြီး ၂၀၀၃ခုနှစ်တွင် ကွယ်လွန်သွားခဲ့သည်။

မင်ဒဲလားသည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ (၅)ရက်နေ့တွင် သူ့ဘဝနိဂုံးပိုင်းကို ခံစားနေခဲ့ရသော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။

### လွတ်လပ်ခြင်းသို့ ခရီးရှည်
### Long Walk To Freedom

ကျွန်တော် ထောင်မှထွက်လာသောအခါတွင် ကျွန်တော်၏တာဝန်မှာ ဖိနှိပ်သူရော အဖိနှိပ်ခံရသူပါ လွတ်မြောက်အောင်ဆောင်ရွက်ရေးဖြစ်ပါသည်။ ဤတာဝန် ယခုထမြောက်အောင်ပြီဟု အချို့က ဆိုကြသည်။ သို့ရာတွင် ဤသို့မဟုတ်မှန်း ကျွန်တော်သိပါသည်။ အမှန်အားဖြင့် ကျွန်တော်တို့သည် ယခုတိုင်မလွတ်လပ်သေးပါ။ ကျွန်တော်တို့သည် လွတ်လပ်စွာရပ်တည်ပိုင်ခွင့်ဆိုသည့်လွတ်လပ်မှုကိုသာ ရခြင်းဖြစ်ပါသည်။ ယင်းအခွင့်အရေးမှာ ဖိနှိပ်ချုပ်ချယ်ထား၍မရသည့်အခွင့်အရေးဖြစ်ပါသည်။ ကျွန်တော်တို့သည် ကျွန်တော်တို့ခရီး၏နောက်ဆုံးခြေလှမ်းများကို မလှမ်းရသေးပါ။ ပို၍ရှည်ပြီး ပို၍ခက်ခဲသည့်လမ်းပေါ်မှာ ပထမခြေလှမ်းသာ ရှိပါသေးသည်။

ကျွန်တော်သည် လွတ်လပ်ရေးခရီးရှည်ကြီးကို လျှောက်လာခဲ့ပြီးပါပြီ။ ဤခရီးရှည်ကိုလျှောက်ရာတွင် ကတိမ်းကပါး ဒယိမ်းဒယိုင်မဖြစ်အောင် ကျွန်တော်ကြိုးစားခဲ့ပါသည်။ လမ်းတစ်လျှောက်မှာ ခြေလှမ်းအမှားများကို ကျွန်တော်လှမ်းခဲ့မိပါသည်။ သို့ရာတွင် တောင်ကုန်းကြီးတစ်ကုန်းကို တက်ပြီးသောအခါ တက်စရာတောင်များ အများအပြားရှိနေသေးကြောင်း တွေ့ရသည်ဟူသော လျှို့ဝှက်ချက်ကိုသာ သိခဲ့ရပါသည်။ ဤနေရာတွင် ကျွန်တော်ခေတ္တခဏနားနေပါသည်။ ကျွန်တော့်ကို ဝန်းရံထားသောဂုဏ်ရောင်တွန်းပြောင်သည့်အဖြစ်အပျက်များအား တိတ်တခိုးပြန်ကြည့်ရန်ဖြစ်ပါသည်။ သို့ရာတွင် ကျွန်တော်သည် ခေတ္တခဏသာ နားနေနိုင်ပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် လွတ်လပ်ရေးနှင့်အတူ တာဝန်ယူရမှုများလည်း ပါလာသောကြောင့် ဖြစ်ပါသည်။ ပြီးတော့ ကျွန်တော် အချိန်လည်းဆိုင်းမနေရဲပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော့် ခရီးရှည်မှာ ယခုတိုင်မပြီးဆုံးနိုင်သေးသောကြောင့်ဖြစ်ပါသည်။

မိုးဟိန်း (သူရိယနေဝန်း)

Credit to (1): နဲလ်ဆင်မင်ဒဲလား ကိုယ်တိုင်ရေးသားခဲ့သော LONG WALK TO FREEDOM ကို မင်းကျော်စွာ ဘာသာပြန်သော နဲလ်ဆင်မင်ဒဲလား၏ကိုယ်ရေးအတ္ထုပ္ပတ္တိ၊
Credit to (2): စာကြည့်တိုက်စာစဉ်မှ ထုတ်ဝေသော နဲလ်ဆင်မင်ဒဲလား၊

www.free4readers.com